# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၅၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၉ ရက်**

**(၂၀၁၅ ခုနှစ်၊ မေလ ၂၆ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၂)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၂)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## မူကြမ်း

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး သုမင်္ဂလာအပေါင်းနှင့်ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၅၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦးရှိတဲ့အနက် ၃၈၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၂.၈၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးမြင့်စိုး(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်အခွင့်အရေးကော်မတီဝင် ကျွန်တော် ဦးမြင့်စိုးအနေဖြင့် ယနေ့ ၂၆-၅-၂၀၁၅ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၅၂)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသော လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ ယခင်ခွင့်ပန်ကြားသူ ၂၅ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၅ ဦးရှိပါတယ်ခင်ဗျား။ ယနေ့ ခွင့်ပန်ကြားသူ ၅ ဦးမှာ-

(၁) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၃ ရက်၊

(၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၃) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၁ ရက်၊

(၄) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် အစည်းအဝေးပြီးဆုံးသည်ထိနှင့်

(၅) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၁ ရက် တို့ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ခွင့်ပြုပေးပါရန် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၅ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ကို စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။

**ကျေးလက်နေတောင်သူလယ်သမားများ လုပ်ငန်းရာသီအချိန်တိုင်း ပိုးထိသေဆုံးရခြင်းများကို ကာကွယ်ပေးရန်အတွက် မည်သို့စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်ပအကူအညီများဖြင့် ဤကိစ္စအတွက် ကူညီထောက်ပံ့နေမှုများကို မည်သို့စီမံခန့်ခွဲ ဆောင်ရွက်လျက်ရှိကြောင်းသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာမေဝင်းမြင့်(မရမ်းကုန်းမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါရှင်။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မမေးမြန်းသော မြွေဆိပ်ဖြေဆေးမေးခွန်းနှင့် စပ်လျဉ်း၍ ကျိုးကြောင်းဖော်ပြချက်များမှာ ကျေးလက်နေ တောင်သူလယ်သမားများအနေဖြင့် လယ်ယာလုပ်ငန်းခွင်တွင် အထူးအားဖြင့် အပူပိုင်းဒေသများ၌ နှမ်း၊ ပဲရိတ်သိမ်းချိန်များတွင် ဖြစ်ပွားလေ့ရှိသော ပိုးထိခြင်းကြောင့် ကွယ်လွန်ရသည့်ဖြစ်စဉ်များ များပြားလျက်ရှိကြောင်း ကိန်းဂဏန်းစိစစ်ချက်များအရ လေ့လာသိရှိရပါတယ်။ ယခုအခါတွင် မြွေဆိပ်ဖြေဆေးများကို အလျှင်မီစွာထုတ်လုပ်ခြင်း၊ ပြည်ပအကူအညီများရရှိခြင်းတို့ကြောင့် ကုစားနိုင်ရန် အခွင့်အလမ်းများပွင့်လင်းလာသည်ကိုလည်း ဝမ်းသာစွာကြားသိနေရပါတယ်။ သို့သော် ထိရောက်ထိုက်တန်၍ စနစ်မှန်ကန်စွာ အခြေခံတောင်သူလယ်သမားများ၏ ဘဝလုံခြုံရေးအတွက် တိုက်ရိုက်အကျိုးပြုနိုင်ရေးကို စနစ်တကျဆောင်ရွက်နိုင်ရန် လိုအပ်လျက်ရှိပါတယ်။ ထိရောက်သောအကျိုးပြုစီမံချက်များဖြင့် ဆောင်ရွက်နိုင်ရန် ကိန်းဂဏန်းများစိစစ်မှုကိုလည်း မှန်ကန်စေရန်လိုအပ်မည်ဖြစ်ပါတယ်။ မြန်မာနိုင်ငံ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြွေဆိပ်ဖြေဆေးပုလင်းပေါင်း ၈၀၀၀၀ လုံး ထုတ်လုပ်မည့်စီမံချက်၌ နှစ်စဉ် မြွေကိုက်ခံရမှုပေါင်းအဆိပ်ရှိသတ္တဝါများအပါအဝင် ၁၅၀၀၀ ရှိသည့်အနက် မြွေပွေးကိုက်ခံရမှုဖြစ်စဉ် ၁၀၀၀၀ ခန့်ရှိကြောင်းဖော်ပြထားပြီး နှစ်စဉ်ပျမ်းမျှ ၄၃၅ ဦးခန့်သေဆုံးလျက်ရှိကြောင်း ဖော်ပြထားသော်လည်း ဩစတြေးလျနိုင်ငံ၊ Adelaide တက္ကသိုလ်၏ထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံ၌ တစ်နှစ်လျှင်ခန့်မှန်းခြေအားဖြင့် လူပေါင်း ၂၀၀၀ ဟာ မြွေကိုက်ခံရမှုကြောင့် သေဆုံးလျက်ရှိကြောင်း ဖော်ပြထားသည်ကို လေ့လာသိရှိရပါတယ်။ ထိုသို့ကွာခြားလျက်ရှိသော ကိန်းဂဏန်းများ၏ မြေပြင်အခြေအနေမှန်ကို မှန်ကန်စွာဖော်ထုတ်စီမံချက်ချမှတ်ရေးသည်လည်း အရေးတကြီးကိစ္စဖြစ်ပါတယ်။

**မူကြမ်း**

ထိုသို့မှန်ကန်သောကိန်းဂဏန်းများအပေါ်တွင် အခြေခံပြု၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက် မြွေကိုက်ခံရမှုဖြစ်စဉ် အနည်းအများအလိုက် အချိုးညီစွာကူညီပံ့ပိုးနိုင်ရန်အတွက်လည်း အရေးတကြီး လိုအပ်လျက်ရှိကြောင်းကို သုံးသပ်ရရှိပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှ တစ်ဆင့် တောင်သူလယ်သမားများ၏ ဘဝလုံခြုံရေးနှင့်အကျိုးစီးပွားအလို့ငှာ အောက်ပါမေးခွန်းများ ကိုမေးမြန်းမှာဖြစ်ပါတယ်။ (၁) နှစ်စဉ်ဖြစ်ပွားလေ့ရှိသော ဒေသအလိုက် မြွေကိုက်လူနာများနှင့် ကွယ်လွန်သူများ၏ ကိန်းဂဏန်းမှန်ကန်စွာရရှိရေးအတွက် မည်ကဲ့သို့စီစဉ်ထားရှိပါကြောင်း၊ (၂) လက်လှမ်းမမီသောဒေသမှ မြွေကိုက်ခံတောင်သူလယ်သမားများနှင့် အခြေခံလူတန်းစားများအတွက် နောက်ဆက်တွဲဖြစ်ပေါ်လေ့ရှိသော ကျောက်ကပ်ပျက်စီးခြင်းကဲ့သို့သော ဝေဒနာရှင်များအား ကုစား ပေးရန် မည်သို့သောအစီအစဉ်များရှိ/မရှိနှင့် (၃) ပြည်ပမှ ဤကိစ္စအလို့ငှာ ကူညီဆောင်ရွက်ပေးမည့် အလှူငွေ သို့မဟုတ် ဆေးဝါးပစ္စည်းများကို မည်ကဲ့သို့စနစ်တကျ စီမံထားရှိဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာပထမဂါရဝပြု ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်မေဝင်းမြင့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြား ခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ စက်မှုဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ကနေပြီးတော့ ပေါင်းစပ်ဖြေဆိုသွားမည်ဖြစ်ပါတယ်။ စက်မှုဝန်ကြီးဌာနအနေနဲ့ မြန်မာ့ဆေးဝါးလုပ်ငန်းကြီးကြပ်မှု အောက်ရှိ ဆေးဝါးစက်ရုံ(အင်းစိန်)မှ မြွေဆိပ်ဖြေဆေးများကို နိုင်ငံတော်လိုအပ်ချက်ပြည့်မီစွာ ထုတ် လုပ်နိုင်ရေးအတွက် နှစ်အလိုက်တိုးမြှင့်ထုတ်လုပ်ရန် စီမံချက်များရေးဆွဲဆောင်ရွက်လျက်ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြွေဆိပ်ဖြေဆေးအလုံးပေါင်း ၈၀၀၀၀ ထုတ်လုပ်နိုင်ရေး စီမံချက်ရေးဆွဲ ထားရှိပြီးဖြစ်ပါတယ်။ အဆိုပါစီမံချက်သည် ကျန်းမာရေးဝန်ကြီးဌာနမှ တရားဝင်ထုတ်ပြန်ထားသော နှစ်အလိုက် မြွေကိုက်မှုနှုန်းနှင့် မြွေကိုက်ခံရမှုကြောင့် သေဆုံးမှုနှုန်းပျမ်းမျှတို့အား အခြေခံရေးဆွဲခဲ့

ခြင်းဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၏စာရင်းဇယားများအရ ၂၀၀၅ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ အများဆုံးမြွေကိုက်မှုဖြစ်စဉ်မှာ နှစ်စဉ် ၁၅၀၀၀ ခန့်ဖြစ်ပြီး မြွေကိုက်မှုကြောင့် ပျမ်းမျှသေဆုံးမှုနှုန်းမှာ ၂၀၀၅ မှ ၂၀၁၀ ခုနှစ်အတွင်း ၄၃၅ ဦးနှင့် ၂၀၀၅ မှ ၂၀၁၂ ခုနှစ်အထိ ပျမ်းမျှသေဆုံးမှုနှုန်းမှာ ၃၉၃ ဦး ဖြစ်ပါတယ်။ မြွေကိုက်ခံရပါက ခန္ဓာကိုယ်အတွင်း မြွေဆိပ်ဝင်ရောက်မှုအပေါ် သုတေသနပြုမှုအရ မြွေဆိပ်ဖြေဆေး လေးလုံးမှရှစ်လုံးဝန်းကျင်လိုအပ်ကြောင်း ကျွန်တော်တို့သိရှိပြီးဖြစ်ပါတယ်။

စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းအနေဖြင့် မြန်မာနိုင်ငံရှိမြွေများ၏အဆိပ်ကို အခြေခံထုတ်လုပ်ခြင်းကြောင့် ပြည်တွင်းမြွေကိုက်ခံရမှုများအတွက် အထိရောက်ဆုံးသောမြွေဆိပ်ဖြေဆေးကို နိုင်ငံတော်လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်မှ ငွေလုံးငွေရင်းအသုံးစရိတ်တောင်းခံပြီး မြွေဆိပ်ဖြေဆေးအဆောက်အဦသစ်အား GMP စနစ်နှင့်အညီ တည်ဆောက်လျက်ရှိတဲ့အပြင် ခေတ်မီနည်းစနစ်များနှင့်အညီ မြွေဆိပ်ဖြေဆေးထုတ်လုပ်နိုင်ရန် မြွေဆိပ်ဖြေဆေးထုတ်လုပ်ရာတွင် အဓိကအသုံးပြုသော မြွေ၊ မြင်းနှင့်သိုးများမွေးမြူခြင်း၊ ထိန်းသိမ်းခြင်း၊ ရောဂါလက္ခဏာများရှာဖွေခြင်း၊ ကုသခြင်းဆိုင်ရာနည်းပညာများရရှိရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဩစတြေးလျနှင့် ဘရာဇီးလ်နိုင်ငံတို့မှအကူအညီများ ရယူဆောင်ရွက်လျက်ရှိပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ အထောက်အပံ့နဲ့ မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုဆိုင်ရာဝန်ထမ်းများအား လိုအပ်သောလေ့လာရေးခရီးစဉ်များလည်း စေလွှတ်ခဲ့ပြီးဖြစ်ပါတယ်။ ဩစတြေးလျနိုင်ငံ မြန်မာ့ကျန်းမာရေးဆိုင်ရာဩစတြေးလျအကူအညီပေးရေးအဖွဲ့၏ Improving the Health Outcomes for Snake Bite Victims in Myanmar စီမံချက်အရ စီမံချက်ကာလ ၂၀၁၅ မှ ၂၀၁၇ အတွင်း မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုဆိုင်ရာဝန်ထမ်းများအတွက် နည်းပညာဖလှယ်မှုဆိုင်ရာသင်တန်းများနှင့် မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုဆိုင်ရာစက်ပစ္စည်းအကူအညီ၊ အထောက်အပံ့များရရှိရေးအတွက် ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ စက်မှုဝန်ကြီးဌာနဆေးဝါးစက်ရုံ(အင်းစိန်)မှ မြွေဆိပ်ဖြေဆေးတာရှည်အထားခံနိုင်မှု တိုးတက်စေရန်နှင့် လျှပ်စစ်မီးလုံလောက်စွာမရရှိသော ကျေးလက်ဒေသများတွင် မြွေဆိပ်ဖြေဆေးပျက်စီးမှုနှင့် ပြုန်းတီးမှုများကာကွယ်ရန်အတွက် မြွေဆိပ်ဖြေဆေးအား ဓာခဲခြောက်အသွင် စတင်ထုတ်လုပ်လျက်ရှိပြီး ဓာခဲခြောက်မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုနှင့် အရည်အသွေးထိန်းသိမ်းမှုဆိုင်ရာနည်းပညာနှင့် စက်ပစ္စည်းများ ထပ်မံရရှိရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူ ဘရာဇီးလ်နိုင်ငံနှင့် နည်းပညာပူးပေါင်းရေးသဘောတူညီချက်ဖြင့် Improvement of Methodologies and Techniques to produce Snake Antivenom in Myanmar စီမံချက်ဆောင်ရွက်ရန် Brazilian

**မူကြမ်း**

Cooperation Agency၊ Butantan Institute(Brazil)၊ စက်မှုဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့အကြား Activity ဆောင်ရွက်မှု လက်မှတ်ရေးထိုးထားပြီး မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုဆိုင်ရာဝန်ထမ်းများအား ဘရာဇီးလ်နိုင်ငံသို့ ပညာသင်စေလွှတ်နိုင်ရေးနှင့် ဘရာဇီးလ်နိုင်ငံမှပညာရှင်များ မြန်မာနိုင်ငံသို့လာရောက်၍ နည်းပညာဖြန့်ဝေပေးနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးသတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ် (Health Management Information System-HMIS)ကို ထူထောင်လျက်ရှိပြီး မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ပြည်သူ့ဆေးရုံများနှင့် ပြည်သူလူထုအတွင်း အခြားသော ကျန်းမာရေးသတင်းအချက်အလက်များအပြင် အဆိပ်ရှိမြွေကိုက်ရောဂါဖြစ်ပွားမှုနှင့် အဆိပ်ရှိမြွေကိုက်ခြင်းကြောင့် သေဆုံးမှုဆိုင်ရာအချက်အလက်များ Morbidity နှင့် Mortality Data များကို သတ်မှတ်ပုံစံများဖြင့် စုစည်းဆောင်ရွက်လျက်ရှိပါတယ်။ သားဖွားဆရာမများ၊ ကျန်းမာရေးမှူးများအပါအဝင် အခြေခံကျန်းမာရေးဝန်ထမ်းများက မိမိတို့တာဝန်ကျရာနယ်မြေအတွင်း အဆိပ်ရှိမြွေကိုက်လူနာဆိုင်ရာ အချက်အလက်များကို စုစည်းပေးပို့ကာ အဆိုပါအချက်အလက်များကို Annual Public Health Statistical Report တွင် နှစ်စဉ်ဖော်ပြလျက်ရှိပါတယ်။ အချို့ အခြေအမြစ်မခိုင်မာသော စာရင်းဇယားများအရသော်လည်းကောင်း၊ တစ်ခါတစ်ရံ Projection Techique ခေါ်တဲ့ သင်္ချာနည်းအရတွက်ချက်မှုအရသော်လည်းကောင်း ကျွန်တော်တို့ Data များနှင့် မကိုက်ညီမှုများရှိပါတယ်။ သို့သော် ကျွန်တော်တို့ရဲ့ သတင်းအချက်အလက်များသည် Coverage ကောင်းကောင်းနဲ့ ကျွန်တော်တို့ဆောင်ရွက်ထားတာဖြစ်တဲ့အတွက် အနီးစပ်ဆုံးမှန်ကန်လျက်ရှိပါကြောင်းလည်း တင်ပြအပ်ပါတယ်။ လက်လှမ်းမမီသော ဒေသမှ မြွေကိုက်ခံတောင်သူလယ်သမားများနှင့် အခြေခံလူတန်းစားများအတွက် အရေးပေါ်မြွေဆိပ်ဖြေဆေးထိုးနိုင်ရန် တိုက်နယ်ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနများအထိ သက်ဆိုင်ရာမြို့နယ်များမှတစ်ဆင့် မြွေဆိပ်ဖြေဆေးများကိုပေးပို့ပြီး အဆင်သင့်ထားရှိပါတယ်။ မြွေကိုက်ခံရပြီးနောက်နောက်ဆက်တွဲ ကျောက်ကပ်ပျက်စီးပါက ကျောက်ကပ်သွေးသန့်စင်ရန်အတွက် Peritoneal Dialysis နှင့် Haemodialysis တို့ပြုလုပ်၍ ကုသပေးနိုင်ရန်စီစဉ်ထားရှိပြီး အခမဲ့ကုသပေးလျက်ရှိပါတယ်။ နောင်မှာ မြို့နယ်အဆင့်ဆေးရုံများအထိ ပြုလုပ်နိုင်ရန်အတွက် သင်တန်းပေး၍လေ့ကျင့်ပေးလျက်ရှိပါတယ်။ ဗဟိုအဆင့်ပြည်သူ့ဆေးရုံကြီးများအပြင် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးများအထိ Haemodialysis Center များဖွင့်လှစ်ပေးနိုင်ရန်အတွက် ၂၀၁၅ ခုနှစ်

ကနေ စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ပြင်ပအကူအညီအနေနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ကူညီထောက်ပံ့မှုကို ၁၉၉၉ ခုနှစ်ကစတင်ပြီး နှစ်နှစ်လျှင် တစ်ကြိမ် Budget Allotment ချပေးပြီး ၎င်းကို လုပ်ငန်းသုံးခုဖြင့်ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်း(၁)ကတော့ မြွေကိုက်ခံရတဲ့မြို့နယ်များကို နှစ်စဉ်အလှည့်ကျသွားရောက်ပြီး သင်တန်းပေးခြင်း၊ လုပ်ငန်း(၂)အနေနဲ့ Peritoneal Dialysis နှင့် Haemodialysis ခေါ်တဲ့ ကျောက်ကပ်များဆေးတဲ့လုပ်ငန်းများကိုတော့ သက်ဆိုင်ရာမြို့နယ်ဆရာဝန်များကို တစ်လကြာသင်တန်းပေးသည့်အစီအစဉ်များ ဆောင်ရွက်ပေးခြင်း၊ လုပ်ငန်း(၃)အနေနဲ့ကတော့ Education and Information စတဲ့ နံရံကပ်ပိုစတာ၊ လက်ကမ်းကြော်ငြာ၊ စာအုပ်များဖြန့်ဝေခြင်းနှင့် အသုံးပြုရမယ့် Computer, Copier များကို WHO မှ အလျဉ်းသင့်သလို စီမံချက်များကို ထောက်ပံ့ပေးခြင်းများဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ပအကူအညီထောက်ပံ့မှုအသစ်အနေနဲ့တော့ ဩစတြေးလျနိုင်ငံ Adelaide University ထောက်ပံ့မှုကို အကောင်အထည်ဖော်ရန်အတွက် ကျွန်တော်တို့ Letter of Agreement ထိုးရန်အတွက် စတင်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ မြန်မာ့ဆေးဝါးစက်ရုံ(MPF)ကနေထုတ်လုပ်နိုင်တဲ့ ကျွန်တော်တို့ကို ထောက်ပံ့ပေးနိုင်တဲ့အင်အားအနေနဲ့ ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ နဲ့ ၂၀၁၄-၂၀၁၅ မှာရရှိခဲ့တာ စုစုပေါင်း ၁၉၉၁၈၁ လုံး မြွေဆိပ်ဖြေဆေးရရှိပြီးတော့ ကျွန်တော်တို့ မြန်မာပြည်တစ်ပြည်လုံးကို ၁၂၁၆၆၆ လုံး ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ အခုလည်း ကျွန်တော်တို့မှာ လက်ကျန် ၄၈၅၇၇ လုံးရှိပြီးတော့ အခု ၂၀၁၅-၂၀၁၆ မှာ MPF ကနေ မြန်မာနိုင်ငံဆေးဝါးစက်ရုံကနေ ၇၆၀၀၀ ရရှိမယ့်အတွက် ကျွန်တော်တို့လက်ထဲမှာလည်း မြွေဆိပ်ဖြေဆေး လက်ရှိ ၂၀၁၅-၂၀၁၆ အတွက် လုံလောက်စွာရှိပါကြောင်း ပြန်လည်ဖြေကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ရွှေမင်းဝံရပ်ကွက်ရှိ မြေနေရာအကျယ်အဝန်းနှင့်တကွ ဆေးရုံအဆောက်အဦပါအသင့်ရှိပြီးဖြစ်သော လူနာ(၁၆)ခုတင်ဆံ့ ဒေသန္တရဆေးရုံကို ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(စစ်ကိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်း ဖြစ်ပါတယ်။ ကျွန်တော်

မေးမြန်းမယ့်မေးခွန်းကတော့ စစ်ကိုင်းမြို့ ရွှေမင်းဝံရပ်ကွက်မှာရှိတဲ့ ခုတင်(၁၆)လုံးဆံ့ ကိုယ်ထူကိုယ်ထတည်ဆောက်ခဲ့တဲ့ ဆေးရုံကို ၁၉၉၃ ခုနှစ် နိုဝင်ဘာလမှာ စစ်ကိုင်းတိုင်း တိုင်းမှူး ဗိုလ်ချုပ်လှမြင့်ဆွေမှ ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဆေးရုံတည်နေရာကတော့ ရွှေမင်းဝံရပ်ကွက်၊ ၂၁ လမ်း၊ ၂၅ x ၂၆ လမ်းကြားမှာတည်ရှိပြီး တောင်မြောက်အရှည် ၁၂၀ ပေ၊ အရှေ့အနောက်အရှည် ၂၈၀ ပေရှိတဲ့ ဆေးရုံဝန်းမြေဧရိယာအတွင်း တည်ရှိပြီး (၁) ခုတင် (၁၆)လုံးဆံ့ဆေးရုံ၊ (၂) ဆေးရုံ ရုံးခန်းအဆောက်အဦတစ်လုံး၊ (၃) ဆရာဝန်နေ ရန်အဆောက်အဦတစ်လုံး၊ (၄) တာဝန်ကျသူနာပြုဆရာဆရာမများနေရန် နှစ်ခန်းတွဲတိုက်နှစ်လုံး စုစုပေါင်းအဆောက်အဦ ငါးလုံးရှိတဲ့ဆေးရုံဖြစ်ပါတယ်။ ရေမီးအပြည့်အစုံနဲ့ တာဝန်ကျဆရာဝန်၊ သူနာပြုဆရာ၊ ဆရာမများဖြင့် ကုသပေးနိုင်ခဲ့ပါတယ်။ သို့သော်လည်းပဲ ကိုယ်ထူကိုယ်ထဆေးရုံဖြစ် သည့်အတွက် ၁၉၉၆ ခုနှစ်ကစပြီးတော့ ငွေကြေးအခက်အခဲကြောင့် ယနေ့အချိန်အထိ ဆေးရုံကို ဆက်လက်ဖွင့်လှစ်ကုသနိုင်ခြင်းမရှိတော့ပါဘူး။ အဆိုပါဆေးရုံအား နိုင်ငံတော်စီမံချက်ဖြင့် ပြန်လည်ဖွင့်လှစ် ပေးနိုင်မည်ဆိုပါက အိမ်ခြေ ၁၅၀၀၊ လူဦးရေ ၅၀၀၀ ကျော်ရှိတဲ့ ရွှေမင်းဝံရပ်ကွက်၊ ပတ္တမြားရပ်ကွက်၊ စစ်ကိုင်းစက်မှုဇုန်(၁)၊ စက်မှုဇုန်(၂)၊ နီလာဦးရပ်ကွက်၊ တောင်ညိုကျေးရွာ၊ ရေကားကျေးရွာ၊ ကျောက်တာကျေးရွာမှ ပြည်သူများလည်း အချိန်နှင့်တပြေးညီ ဆေးဝါးကုသမှု ခံယူနိုင်ကြမယ့်အကျိုး ကျေးဇူးများရရှိမှာဖြစ်တဲ့အတွက် အောက်ပါမေးခွန်းအား မေးမြန်းအပ်ပါတယ်။ စစ်ကိုင်းမြို့ ရွှေမင်းဝံရပ်ကွက်ရှိ မြေနေရာအကျယ်အဝန်းနှင့်တကွ ဆေးရုံအဆောက်အဦများပါ အရန်သင့်အဆင်သင့်ရှိပြီးဖြစ်သော (၁၆)ခုတင်ဆံ့ ဒေသန္တရဆေးရုံအား နိုင်ငံတော်စီမံချက်ဖြင့် ပြန်လည်ဖွင့်လှစ်၍ ပြည်သူများအား ဆေးကုသပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့

ရွှေမင်းဝံရပ်ကွက်ရှိ မြေနေရာအကျယ်အဝန်းနှင့်တကွ ဆေးရုံအဆောက်အဦများပါ အဆင်သင့်ရှိပြီး ဖြစ်သော (၁၆)ခုတင်ဆံ့ဆေးရုံအား နိုင်ငံတော်စီမံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုကြောင်း မေးခွန်းနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ ရွှေမင်းဝံရပ်ကွက်သည် စစ်ကိုင်းမြို့တွင် ၁၈ ရပ်ကွက်ရှိသည့်အနက် အိမ်ထောင်စု ၉၅၂ ခုနှင့် လူဦးရေ ၅၀၉၆ ဦးရှိသော ရပ်ကွက်တစ်ခုဖြစ်ပါတယ်။ စစ်ကိုင်းမြို့ ခုတင် ၂၀၀ ဆံ့ အထူးကု ဆေးရုံကြီးနှင့် ၆ မိုင်ခန့်အကွာအဝေးမှာသာ တည်ရှိပါတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ ရွှေမင်းဝံ ရပ်ကွက်ပိုင်ဆေးခန်းအား ကျန်းမာရေးဝန်ကြီးဌာနအပိုင် ဒေသန္တရကျန်းမာရေးဌာနခွဲအဖြစ် ခွင့်ပြု မိန့်ရရှိပါက ရပ်ကွက်ပိုင် မြေကွက်နှင့် အဆောက်အဦများ လွှဲပြောင်းလှူဒါန်းပေးပါမည်ဖြစ်ကြောင်း သိရှိထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ရွှေမင်းဝံရပ်ကွက်သည် စစ်ကိုင်းမြို့ မြို့ပေါ်မှာတည်ရှိပြီးတော့ စစ်ကိုင်းပြည်သူ့ဆေးရုံကြီးနှင့် ၆ မိုင်ခန့်သာဝေးကွာပြီး လူဦးရေထူထပ်တဲ့ရပ်ကွက်တစ်ခုဖြစ်တဲ့ အတွက် တိုက်နယ်ထားရှိရန် မလိုအပ်သေးဘဲနဲ့ ဒေသန္တရကျန်းမာရေးဌာခွဲအဖြစ် ဖွင့်လှစ်ရရှိ နိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဖွဲ့စည်းပုံခွင့်ပြုချက်ရရှိရေးအတွက် စီစဉ်ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်းနှင့် တကယ်လို့ ဒေသန္တရကျန်းမာရေးဌာနခွဲအဖြစ် ဖွင့်လှစ်ခွင့်ရရှိမယ် ဆိုရင်တော့ ဆရာဝန်တစ်ဦး၊ သူနာပြုသုံးဦး၊ သွားဖွားဆရာမငါးဦး၊ ကြီးကြပ်(၂) ငါးဦးနှင့် အခြား ဝန်ထမ်းခြောက်ဦး စုစုပေါင်းဝန်ထမ်း ၂၀ ဦးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အုတ်တွင်းမြို့နယ်၊ ပြည်သူ့အားကစားကွင်း ဘောလုံးပွဲကြည့်စင်အား ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီမြင့်(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အားကစားဝန်ကြီးဌာနှင့်ပတ်သက်ပြီး မေးမြန်း သွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို ကျွန်တော့်အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေးမှာဆိုလို့ရှိရင် ၆-၁၁-၂၀၁၂ မှာ မေးမြန်းခဲ့ပါတယ်။ အဲဒီလိုမေးမြန်းတဲ့အခါမှာ အားကစားကွင်းနှင့် အားကစားရုံတွေအတွက်ကို SEA Game ပြိုင်ပွဲရှိတဲ့အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးမယ်လို့ ပြောကြားခဲ့ပါတယ်။ ဒါပေမယ့်လည်း ကျွန်တော်တို့အနေနဲ့

စေတနာရှင်၊ အလှူရှင်များပေါင်းပြီးတော့ အားကစားကွင်းအတွင်းပြုပြင်ခြင်း၊ ခြံစည်းရိုးကာခြင်းတို့ကို ဆောင်ရွက် နိုင်ခဲ့ပါတယ်။ ပွဲကြည့်စင်အနေနဲ့တော့ အုတ်တိုင်များဆွေးမြေ့ခြင်း၊ အမိုး၊ အကာ၊ အခင်း တွေ ပျက်စီးယိုယွင်းခြင်းများဖြစ်နေတဲ့အတွက် ဘောလုံးပွဲလာရောက်ကြည့်ရှုတဲ့ ပရိသတ်များအတွက် များစွာ အန္တရာယ်ကြီးလှပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းအား ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အုတ်တွင်းမြို့နယ် ပြည်သူ့အားကစားကွင်းရှိ ဘောလုံး ပွဲကြည့်စင်အား ပြုပြင်ပေးရန် အစီအစဉ်ရှိပါသလား။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ပြုပြင်ပေးမည်နည်း။ အစီအစဉ်မရှိပါက မည်သည့်အတွက်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဇော်ဝင်း(ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဇော်ဝင်း ဖြစ်ပြီးတော့ အားကစားဝန်ကြီးဌာနကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့်ရဲ့ ပဲခူးတိုင်း ဒေသကြီး၊ အုတ်တွင်းမြို့နယ် ပြည်သူ့အားကစားကွင်း ဘောလုံးပွဲကြည့်စင်အားပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်ရှင်းလင်း တင်ပြသွားပါမယ်။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်မှာရှိတဲ့ ပြည်သူ့အားကစားကွင်းကို မြို့နယ် အားကစားနှင့် ကာယပညာကော်မတီနှင့် မြို့မိမြို့ဖများကနေပြီးတော့ ဘောလုံးကွင်းမြေသားမြှင့်တင် ခြင်း၊ ခြံစည်းရိုးပတ်လည်ကာရံခြင်းနဲ့ အဆင့်(၆)ဆင့်ပါ ပွဲကြည့်စင်အား တည်ဆောက်ပေးခြင်းတွေ ကိုတော့ ပြီးခဲ့တဲ့ ၁၈-၁-၂၀၁၃ ရက်နေ့မှာ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်း မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့ အားကစားဝန်ကြီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် လုပ်ငန်းစီမံကိန်းလျာထားချက်များမှာ ပါဝင် ခြင်းမရှိတဲ့အတွက် အုတ်တွင်းမြို့နယ်ရှိ ပြည်သူ့အားကစားကွင်းရဲ့ ပွဲကြည့်စင်ကို အဆင့်မြှင့်တင် ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစီအစဉ် နှင့် ဆောင်ရွက်ပေးနိုင်ဖို့ ညှိနှိုင်းခဲ့ရာမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်မှာ ဦးစားပေးမြို့နယ်

အဖြစ် ထည့်သွင်းလျာထားပေးဖို့နဲ့ အားကစားဝန်ကြီးဌာနမှ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ၁၅-၁၂-၂၀၁၄ ရက်နေ့မှာ ညှိနှိုင်းပေးခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါညှိနှိုင်းချက်အပေါ်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ပြန်ကြားရာမှာတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေစာရင်းကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့မတိုင်မီ စာရင်းချုပ်ပြီးဖြစ်ပါကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေအနေနဲ့ ဆောင်ရွက်ရပါက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ (RE) သို့မဟုတ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (BE) မှာ ထည့်သွင်းလျာထား ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ချင်းပြည်နယ်ရှိ ခရိုင်မြို့များတွင် ကညနရုံးဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်လိန်း(ဖလမ်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဖလမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လိန်းဖြစ်ပါတယ်။ ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ချင်းပြည်နယ်ရဲ့အခက်အခဲ ပို့ဆောင်ဆက်သွယ်ရေးဘက်က အခက်အခဲဖြေရှင်းပေးနိုင်ဖို့ရန် ရည်ရွယ်ပြီးတော့ မေးထားတာဖြစ်ပါတယ်။ ချင်ပြည်နယ်ခရိုင်မြို့များမှာ ကညနရုံးဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိ၊ အဲဒီရုံးများဖွင့်လှစ်ဖို့ရန် ဦးစားပေးအစီအစဉ်အလိုက် စာရင်းဇယားများနဲ့လုပ်မယ်ဆိုရင်တော့ ကျွန်တော်တို့ ချင်းပြည်နယ်ကတော့ နောက်ဆုံးကမ္ဘာကုန်လောက်မှပဲရရှိမယ်လို့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သိတဲ့အတိုင်းပါပဲ။ အဆင်းရဲဆုံးပြည်နယ်၊ အဆင်းရဲဆုံးမြို့နယ်တွေ ဖြစ်နေတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အထူးအစီအစဉ်တစ်ရပ်အနေနဲ့ ချင်းပြည်နယ်မှာရှိတဲ့ ခရိုင်တွေမှာ ကညနရုံးတွေဖွင့်လှစ်ပေးပြီးတော့ ကညနနဲ့ဆိုင်တဲ့လုပ်ငန်းကိစ္စများ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ ကျွန်တော်မေးမြန်းရခြင်းဖြစ်ပါတယ်။ ချင်းပြည်နယ်မှာ ကျွန်တော်တို့ရဲ့မြို့တော် ဟားခါးမြို့ရှိပါတယ်။ ဟားခါးမြို့မှာ ကညနရုံးရှိသော်လည်းပဲ အဲဒီဟားခါးမြို့ကိုသွားရောက်ဖို့ရန်အတွက် အင်မတန်ခရီးဝေးကွာပြီးတော့ ရရှိတဲ့ Information သတင်းဟာလည်း အချိန်မီပြန်လည်ပြီးတော့ ဟားခါးကိုသွားနိုင်ဖို့ရန်အတွက် တချို့သတင်းရရှိတဲ့အချိန်မှာ တချို့ကျေးရွာတွေက သတ်မှတ်ရက်ကုန်လွန်နှင့်ပြီ။ အဲဒီလိုအဖြစ်မျိုးတွေ ဒီဌာနတစ်ခုတည်းမဟုတ်ပါဘူး။ ဌာနတိုင်းမှာ ချင်းပြည်နယ်မှာ အဲဒီအခက်အခဲကရှိပါတယ်။ ဒါကြောင့်မို့လို့ အခွင့်အရေးတွေ အများကြီးဆုံးရှုံးနစ်နာတာတွေလည်း ဌာနတိုင်းမှာရှိနေပါတယ်။ ဒါကြောင့် ဒီဌာနအနေနဲ့

ကော ကျွန်တော်တို့ ကျေးရွာပြည်သူလူထုအခက်အခဲကို ဖြေရှင်းပေးနိုင်ဖို့ရန်အတွက် အဲဒီလို အထူးကိစ္စအနေနဲ့ ဆောင်ရွက်ပေးနိုင်ဖို့ အခြေအနေရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါတယ်။ ဖလမ်းမြို့ပေါ်မှာ သတင်း ရရှိသော်လည်းပဲ ဖလမ်းကနေပြီးတော့ အနည်းဆုံး မိုင် ၃၀၊ ၄၀၊ ၅၀၊ ၆၀ ဝေးတဲ့ နယ်စွန်နယ်ဖျား ရွာတွေရှိပါတယ်။ အဲဒီရွာတွေကို သတင်းရောက်ဖို့ရန်ဆိုရင် အင်မတန်မှ အချိန်ကြန့်ကြာပါတယ်။ တောင်သူလယ်သမားတွေ၊ တောင်ယာလုပ်ငန်း တစ်နေ့လုပ်မှတစ်နေ့စားရတဲ့ တောင်သူလယ်သမားဘဝနဲ့ အဲဒီလိုအချိန်ပေးပြီးတော့ ဟားခါးအထိ ဖလမ်းအထိလာဖို့ကလည်း တော်တော်လေး အချိန်ပေးရမှာ ဖြစ်တဲ့အတွက်ကြောင့် အဲဒီကိစ္စကိုဖြေရှင်းပေးနိုင်ဖို့ရန်အတွက် ကုန်းလမ်းပို့ဆောင်ရေးဝန်ကြီးဌာနကို အခုလို တင်ပြအကူညီတောင်းခြင်း ဖြစ်ပါတယ်။ ဒီမေးခွန်း လေးကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားပေးဖို့ကတော့ အထူးကိစ္စအနေနဲ့ ဆောင်ရွက်ပေးနိုင်မလား၊ ဒါမှမဟုတ်လို့ရှိရင် နယ်လှည့်အဖွဲ့ဖြင့် မော်တော်ယာဉ်နဲ့ ယာဉ်မောင်းလိုင်စင်များ ဆောင်ရွက်ပေးနိုင်မည်လားကို ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ ကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ချင်းပြည်နယ်၊ ဖလမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လိန်းရဲ့မေးခွန်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးချန်မောင်က ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်မှာ ဟားခါးခရိုင်၊ ဖလမ်းခရိုင်၊ မင်းတပ်ခရိုင်ရှိပြီးတော့ ခရိုင်သုံးခုရှိပါတယ်။ ကညနအနေနဲ့ ပြည်နယ်ရုံးကို ဟားခါးမှာဖွင့်ထားပြီးတော့ အရာထမ်း ၁ ဦး၊ အမှုထမ်း ၉ ဦး စုစုပေါင်းဝန်ထမ်း ၁၀ ဦးနဲ့ မော်တော်ယာဉ်နဲ့ယာဉ်မောင်းလိုင်စင်များကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၃၀-၄-၂၀၁၅ ရက်နေ့ စာရင်းများအရ ဟားခါး၊ ထန်တလန်မြို့နယ်များပါဝင်တဲ့ ဟားခါးခရိုင်တစ်ခုလုံးမှာ မော်တော်ယာဉ် ၃၁၈ စီး၊ မော်တော်ဆိုင်ကယ် ၆၈၈၃ စီး၊ သုံးဘီးတပ် ခြောက်စီးနဲ့ ထွေလာဂျီ ၁၃ စီး စုစုပေါင်းယာဉ် ၇၂၂၀ စီးနဲ့ ယာဉ်မောင်းလိုင်စင် ၂၇၇၂၈ စောင်ရှိပါတယ်။ ဖလမ်း၊ တီးတိန်၊ တွန်းဇံမြို့နယ်များပါတဲ့ ဖလမ်းခရိုင်တစ်ခုလုံးမှာ မော်တော်ယာဉ် ၉၀ စီး၊ မော်တော်ဆိုင်ကယ်

၃၈၂ စီး၊ သုံးဘီးတပ် တစ်စီး စုစုပေါင်းယာဉ် ၃၈၉၃ စီးနဲ့ ယာဉ်မောင်းလိုင်စင် ၁၂၇၈ စောင်ရှိပါတယ်။ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ ပလက်ဝမြို့နယ်များပါဝင်တဲ့ မင်းတပ်ခရိုင်တစ်ခုလုံးမှာတော့ မော်တော်ယာဉ် ၂၉ စီး၊ မော်တော်ဆိုင်ကယ် ၃၉၂၉ စီး၊ ယာဉ်စုစုပေါင်း ၃၉၅၈ စီးနဲ့ ယာဉ်မောင်းလိုင်စင် ၅၆၂ စောင်ရှိပါတယ်။ ကျွန်တော်တို့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်းက ၂၁-၂-၂၀၁၅ မှ ၂၃-၂-၂၀၁၅ အထိ ကညနခရိုင်ရုံး(ပခုက္ကူ)က ကန်ပက်လက်မြို့နယ်ကို နယ်လှည့်ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ မော်တော်ယာဉ်နှစ်စီးနဲ့ ယာဉ်မောင်းလိုင်စင် ၂၃ စောင်လာရောက်ပြီး တော့လုပ်ငန်းဆောင်ရွက်ခဲ့ပါတယ်။

အလားတူပဲ ၂၀၁၅ ခုနှစ် ဧပြီလအတွင်း ၂၂-၄-၂၀၁၅ မှ ၂၆-၄-၂၀၁၅ အထိ ပြည်နယ်ရုံး ဟားခါးက ဖလမ်းနှင့် တီးတိန်မြို့နယ်များကို နယ်လှည့်ဆောင်ရွက်ပေးခဲ့ရာမှာ မော်တော်ဆိုင်ကယ် ငါး စီး လာရောက်ဆောင်ရွက်ခဲ့ပြီးတော့ ခရိုင်ရုံး(ပခုက္ကူ)က ၂၄-၄-၂၀၁၅ မှ ၂၉-၄-၂၀၁၅ အထိ မင်းတပ် မြို့နယ်နှင့် မတူပီမြို့နယ်တို့ကို နယ်လှည့်ဆောင်ရွက်ပေးခဲ့ရာမှာ မော်တော်ယာဉ်သုံးစီး၊ မော်တော် ဆိုင်ကယ် ၁၉၄ စီး၊ ယာဉ်မောင်းလိုင်စင် ၃၈၈ စောင် လုပ်ငန်းလာရောက်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ကျန်တဲ့ရက်တွေမှာတော့ နယ်လှည့်ဆောင်ရွက်ပေးခြင်းအနေနဲ့ ခရိုင်ရုံး(ပခုက္ကူ)က စက်တင်ဘာလမှာ မင်းတပ်မြို့နယ်နဲ့ မတူပီမြို့နယ်တို့ကိုလည်းကောင်း၊ နိုဝင်ဘာလမှာ ပြည်နယ်ရုံး (ဟားခါး)က ဖလမ်းမြို့နယ်နှင့် တီးတိန်မြို့နယ်ကိုလည်းကောင်း၊ ခရိုင်ရုံး(ပခုက္ကူ)က ကန်ပက်လက် မြို့နယ်ကိုလည်းကောင်း နယ်လှည့်ဆောင်ရွက်ပေးသွားမှာဖြစ်ပြီးတော့ ကျန်မြို့နယ်များဖြစ်တဲ့ ထန်တလန်၊ တွန်းဇံ၊ ပလက်ဝမြို့နယ်တွေကိုလည်း ညှိနှိုင်းပြီးတော့ သွားရောက်ဆောင်ရွက်ပေးမှာဖြစ် ကြောင်း တင်ပြအပ်ပါတယ်။ ပထမအကြိမ်ကနေ (၁၁)ကြိမ်ထိကျင်းပပြုလုပ်ခဲ့တဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့ရဲ့ ပုံမှန်အစည်းအဝေးတွေမှာ လွှတ်တော်ကိုယ်စားလှယ်များက ညောင်ဦး ခရိုင်၊ ကန့်ဂေါခရိုင်၊ မိုးညှင်းခရိုင်၊ မောင်တောခရိုင်၊ မြောင်းမြခရိုင်၊ ဖျာပုံခရိုင်၊ မိုင်းဆတ်ခရိုင်၊ မင်းတပ်ခရိုင်၊ ဖလမ်းခရိုင်၊ ပူတာအိုခရိုင်၊ သံတွဲခရိုင်နှင့် တီးတိန်မြို့နယ်တို့မှာ ကညနရုံးတွေ ဖွင့်လှစ် ပေးဖို့တင်ပြမှုတွေ ရှိခဲ့ပါတယ်။ အဲဒီတင်ပြချက်ထဲက ခရိုင်ရုံးမိုးညှင်းကိုတော့ ၂၁-၂-၂၀၁၃ ခုနှစ်မှာ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ခရိုင်ရုံး(ဖျာပုံ)ကိုတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရုံးဆောက်လုပ် ပြီးဖြစ်ပါတယ်။ ခရိုင်ရုံး(ညောင်ဦး)ကိုတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဆောက်လုပ်သွားမှာဖြစ် ကြောင်းတင်ပြအပ်ပါတယ်။

အလားတူနယ်စပ်မြို့ဖြစ်သည့် ခရိုင်ရုံး(တမူး)အား နယ်စပ်ဖြတ်ကျော်ယာဉ်တွေနှင့် ဆက်စပ်ပြီး တော့ယာဉ်မှတ်ပုံတင်လုပ်ငန်းနှင့် ယာဉ်စစ်ဆေးခြင်းလုပ်ငန်းများ၊ ယာဉ်မောင်းလိုင်စင်လုပ်ငန်းများ ဆောင်ရွက်ဖို့အတွက် ၄-၈-၂၀၁၄ ရက်နေ့မှာ ရုံးဖွင့်လှစ်ပေးပြီး လုပ်ငန်းများဆောင်ရွက်ပေးလျက် ရှိကြောင်းတင်ပြအပ်ပါတယ်။ ရုံးတစ်ရုံးဖွင့်လှစ်မည်ဆိုရင် ဒေသအတွင်းမှာ မှတ်ပုံတင်ထားတဲ့ ယာဉ်အရေအတွက် ယာဉ်မောင်းလိုင်စင်အရေအတွက်၊ ရုံးဖွင့်လှစ်မယ့်နေရာကို အခြားဒေသက လာရောက်ဆောင်ရွက်နိုင်မှုရှိ/မရှိ၊ ရုံးဖွင့်လှစ်မယ့်နေရာမှ အခြားဒေသများသို့ နယ်လှည့်သွားရောက် နိုင်မှုရှိ/မရှိ၊ နယ်မြေဒေသ၏ လုံခြုံရေးအရ ရုံးဖွင့်ရန် သင့်လျော်မှုရှိ/မရှိ၊ နယ်မြေဒေသ၏ ဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူဖြစ်/မဖြစ်နှင့် အဲဒီဒေသမှာ တာဝန်ထမ်းနိုင်ဖို့အတွက် ဒေသခံဝန်ထမ်း များ ခန့်အပ်နိုင်မှုရှိ/မရှိစတဲ့ အခြေခံအချက်တွေကို ထည့်သွင်းစဉ်းစားဆောင်ရွက်လျက်ရှိပါတယ်။ ရုံးဖွင့်ရမည်ဆိုရင် လုပ်ငန်းသဘောသဘာဝအရ ယာဉ်မောင်းစစ်ဆေးကွင်းပါ ထည့်သွင်းဆောင်ရွက် တဲ့အတွက် အလျား ၄၀၀ ပေ၊ အနံ ၄၀၀ ပေခန့်ရှိတဲ့ မြေ ၄ ဧကလောက်လိုပါတယ်။ မြေနေရာရရှိပြီးပြီ ဆိုရင်တော့ ကုန်ကျစရိတ်များကို တင်ပြတောင်းခံရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ခရိုင်ရုံးတစ်ရုံးဖွင့်လှစ် မယ်ဆိုရင် သာမန်အားဖြင့် ဝန်ထမ်းကိုလည်း ၁၁ ဦးလောက် ခန့်ထားရမှာဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံ မှုများ အနေနဲ့ကတော့ ရုံတစ်ရုံးဖွင့်ရာမှာ ရုံးအဆောက်အဦဆောက်လုပ်ရန်အတွက် ကျပ် ၁၇၀ သန်း၊ ရုံးသုံးပရိဘောဂပစ္စည်းများ၊ ယာဉ်မောင်းစစ်ဆေးခြင်းအတွက် လိုအပ်သည့်ယာဉ်၊ ယာဉ်မောင်း လိုင်စင်၊ ယာဉ်သက်သေခံလက်မှတ်ထုတ်ပေးရန် ကွန်ပျူတာနှင့် စက်ပစ္စည်းကိရိယာများအတွက် ၂၉.၃၆ သန်း ကုန်ကျမည်ဖြစ်ရာ စုစုပေါင်း ၁၉၉.၃၆ သန်း ရင်းနှီးမြှုပ်နှံရမှာဖြစ်ကြောင်း တင်ပြအပ် ပါတယ်။ ဒါ့အပြင် ရုံးဖွင့်လှစ်ဆောင်ရွက်မယ်ဆိုရင် နှစ်စဉ်ဝန်ထမ်းများအတွက် လစာစရိတ်ချီးမြှင့်ငွေ ၂၁.၃၉ သန်း၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအတွက် ၂.၂၃ သန်း စုစုပေါင်း ၂၃.၅၆ သန်း ကုန်ကျမှာ ဖြစ်ပါ တယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ကညနရုံးအဆောက်အဦဆောက်လုပ်ဖို့ အမျိုးသား စီမံကိန်းလျာထားချက်မှာ ပဏာမအနေနဲ့ ခရိုင်ရုံး(ကသာ)၊ ခရိုင်ရုံး(ညောင်ဦး)၊ ခရိုင်ရုံး(သံတွဲ)တွေ ဖွင့်လှစ်ဖို့ ကျွန်တော်တို့ လျာထားခဲ့ပေမယ့် ခရိုင်ရုံး(ညောင်ဦး)အတွက်သာ ကျပ်သန်း ၁၇၀ ဘတ်ဂျတ် ခွင့်ပြုငွေရရှိခဲ့ပါတယ်။ ရုံးဆောက်လုပ်ခြင်းနှင့် ဖွင့်လှစ်ခြင်းမရှိသေးတဲ့ ခရိုင်ရုံးအနေနဲ့ကတော့ မော်တော်ယာဉ်စီးရေများမှုအလိုက် အမှတ်စဉ်(၁) ကသာခရိုင်၊ (၂) သံတွဲခရိုင်၊ (၃) မြောင်းမြခရိုင်၊ (၄) ဂန့်ဂေါခရိုင်၊ (၅) ကွမ်းလုံခရိုင်၊ (၆) လပွတ္တာခရိုင်၊ (၇) လင်းခေးခရိုင်၊ (၈) ဟိုပန်ခရိုင်၊ (၉)

မောင်တောခရိုင်၊ (၁၀) မိုင်းဆတ်ခရိုင်၊ (၁၁) ကျောက်ဖြူခရိုင်၊ (၁၂) လောက်ကိုင်ခရိုင်၊ (၁၃) မိုင်းဖြတ်ခရိုင်၊ (၁၄) ဖလမ်းခရိုင်၊ (၁၅) မော်လိုက်ခရိုင်၊ (၁၆) ပူတာအိုခရိုင်၊ (၁၇) ဘော်လခဲခရိုင်၊ (၁၈) မင်းတပ်ခရိုင်၊ (၁၉) ခန္တီးခရိုင်၊ (၂၀) ဖာပွန်ခရိုင် စုစုပေါင်းခရိုင် ၂၀ ကျန်လျက်ရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်ခရိုင်ရုံးများမှာ မော်တော်ဆိုင်ကယ်တွေကို ကနဦးမှတ်ပုံတင်ဆောင်ရွက်ရာမှာသာ ယာဉ်စစ်ဆေးပြီးတော့ နှစ်နှစ်တစ်ကြိမ်သက်တမ်းတိုးရာမှာ မော်တော်ဆိုင်ကယ်သည် တည်ဆောက်မှုရိုးရှင်းပြီး Road Safety ထိခိုက်မှုမရှိတဲ့အတွက်ကြောင့် ယာဉ်စစ်ဆေးခံရန်မလိုတဲ့အတွက် သက်တမ်းတိုးဒီတိုင်းပဲ ဆောင်ရွက်ပေးလျက်ရှိတဲ့အတွက် ရုံးဖွင့်ဖို့တန်းစီဇယားကိုရေးဆွဲတဲ့နေရာမှာ မော်တော်ယာဉ်စီးရေများမှုအလိုက် ရေးဆွဲထားခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ခရိုင်ရုံးဖွင့်လှစ်နိုင်ခြင်းမရှိသေးတဲ့ဒေသတွေမှာတော့ တိုင်းဒေသကြီး/ပြည်နယ်ခရိုင်ရုံးများမှ သက်ဆိုင်ရာနယ်မြေဒေသ အုပ်ချုပ်ရေးအဖွဲ့များနှင့်ညှိနှိုင်းပေါင်းစပ်ပြီး မိတ်ဖက်ဌာနများနှင့်ပူးပေါင်းကာ လုပ်ငန်းများကို သတင်းစာများတွင် ကြိုတင်ထည့်သွင်းကြော်ငြာပြီးတော့လည်း နယ်လှည့်သွားရောက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဖလမ်းခရိုင်နှင့် မင်းတပ်ခရိုင်တို့မှာ မော်တော်ယာဉ်စီးရေ အနည်းအများပေါ်မူတည်၍ ရုံးဖွင့်လှစ်ပေးရန် အစီအစဉ်အရ အမှတ်စဉ် (၁၄)နှင့် အမှတ်စဉ်(၁၈)တို့မှာ ရှိနေတဲ့အတွက်ကြောင့်မို့လို့ အလှည့်ကျရောက်တဲ့အချိန်မှာ ရုံးဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ရုံးဖွင့်လှစ်နိုင်ခြင်းမရှိသေးတဲ့ကာလအတွင်းမှာတော့ ပြည်သူတွေရဲ့လိုအပ်ချက်နဲ့အညီ နယ်လှည့်အကြိမ်ရေကို တိုး၍လည်းကောင်း၊ လုပ်ဆောင်ပေးတဲ့ရက်ကို တိုး၍လည်းကောင်း ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မော်လမြိုင်မြို့နှင့် ရေးရထားလမ်းတွင် ဂျပန်မှ အထူးတွဲများပြေးဆွဲရန်နှင့် ရထားလမ်းများကို ခေတ်မီအောင်ပြင်ဆင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြသိန်း(မုဒုံမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ မုဒုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးမြသိန်း ဖြစ်ပါတယ်။ ဆက်သွယ်သွားလာရေးနှင့်ပတ်သက်သော မေးခွန်းတစ်ခုကို မေးမြန်းသွားမှာဖြစ်ပါတယ်။ မော်လမြိုင်နှင့်ရေးသည် မိုင် ၁၀၀ ကျော်ကွာဝေးပြီး ကားလမ်းနှင့်ရထားလမ်းရှိပါတယ်။ ဒေသခံပြည်သူများသည် ကားလမ်းဖြင့်သော်လည်းကောင်း၊ ရထားလမ်းဖြင့်သော်လည်းကောင်း ရေးသို့သွားလာနိုင်ပါတယ်။ ယခုအခါ ကားလမ်းကို လူစီးများပါတယ်။ ရထားလမ်းကို လူစီးများနိုင်ရန်အတွက် မော်လမြိုင်-ရေးရထားလမ်းတွင် ဂျပန်ပြည်မှ ရထားတွဲများကို ပြေးဆွဲပေးပါက ပို၍သွားလာရေးအဆင်ပြေမည်ဖြစ်ပါတယ်။ သို့ဖြစ်၍ ရေးနှင့်မော်လမြိုင် ရထားလမ်းတွင် ဂျပန်ပြည်မှ ရထားတွဲများကို ပြေးဆွဲရန်အစီအစဉ်ရှိ/မရှိ။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ပြေးဆွဲပေးမည်။ မရှိပါက အဘယ်ကြောင့် မပြေးဆွဲနိုင်သည်ကို သိရှိလိုပါကြောင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ မွန်ပြည်နယ်၊ မုဒုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြသိန်းရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးချန်မောင်မှ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ခရီးသည်များ အများအပြားစီးနင်းလျက်ရှိတဲ့ ရန်ကုန်မြို့ပတ်နှင့် အခြားလမ်းပိုင်းများမှာဦးစားပေးဖြည့်ဆည်းလျက်ရှိပါသဖြင့် မော်လမြိုင်မြို့နှင့် ရေးရထားလမ်းပိုင်းမှာ ဂျပန်မှ အထူးတွဲများပြေးဆွဲရန် လတ်တလောမှာ အစီအစဉ်မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။

မော်လမြိုင်-ရေး ရထားလမ်းပိုင်း ကြံ့ခိုင်ကောင်းမွန်စေရေးအတွက် Flash Butt Welding Machine နဲ့ (၄) ချောင်းဆက် သံဂဟေဆက်ခြင်းနှင့် ကျောက်ဖြည့်ပက်ကင်ရိုက်ခြင်းတို့ကို သိမ်ဇရပ်ဘူတာနှင့် မုပ္ပလင်ဘူတာအကြားမှာလည်းကောင်း၊ မုပ္ပလင်ဘူတာနှင့် ကျိုက်ကသာဘူတာကြားမှာလည်းကောင်း၊ တောင်စွန်းဘူတာနှင့် နှင်းပုလဲဘူတာကြားမှာလည်းကောင်း၊ နှင်းပုလဲဘူတာနှင့် ဒုံဝန်းဘူတာကြားမှာလည်းကောင်း၊ သိမ်ဆိပ်ဘူတာနှင့် နောင်ကုလားဘူတာကြားမှာလည်းကောင်း၊ သထုံ

ဘူတာနှင့် ရင်းငြိမ်ဘူတာကြားမှာလည်းကောင်း၊ ဇင်းကျိုက်ဘူတာနှင့် ပေါင်ဘူတာကြားမှာလည်းကောင်း၊ ပေါင်ဘူတာနှင့် ကျွဲခြံဘူတာကြားမှာလည်းကောင်း စုစုပေါင်း သံလမ်းမိုင် ၂၃.၀၁ မိုင်ကို ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

မွန်ပြည်နယ်အစိုးရနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်တဲ့ ဒေါ်မိမြင့်သန်း၊ ဒေါ်ခင်ဌေးကြွယ်တို့ရဲ့ တောင်းဆိုချက်များအရ လမ်းပိုင်းအထူးအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအဖြစ် (၉) ချောင်းဆက် သံလမ်းဂဟေဆက်ခြင်းလုပ်ငန်းကို မြန်မာ့မီးရထားနှင့် Rail Link Rail Device Project Co.Ltd တို့ဟာ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ စာချုပ်ချုပ်ဆိုပြီးဖြစ်တဲ့အတွက်ကြောင့် ကုမ္ပဏီက နိုင်ငံခြားမှ တင်သွင်းလာမည့် သံလမ်းဂဟေဆက်ခြင်းဆိုင်ရာစက်ယန္တရားများကို ၂၀၁၅ ခုနှစ် ဇူလိုင်လမှာရောက်မှာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလမှာ လုပ်ငန်းစတင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အလားတူ ကျောက်ဖြည့်စက်နှင့် ပက်ကင်ရိုက်ခြင်းကို မြန်မာ့မီးရထားနှင့် မြန်မာရွှေသရဖူကုမ္ပဏီတို့ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့မှာ စာချုပ်ချုပ်ဆိုခဲ့ပြီးတော့ ကုမ္ပဏီက နိုင်ငံခြားမှတင်သွင်းတဲ့ ပင်ကင်ရိုက် စက်ယန္တရားများ ဖွန်လကုန်မှာရောက်မှာဖြစ်ပါတယ်။ အကြိုလုပ်ငန်းများစတင်ဆောင်ရွက်လျက်ရှိရာမှာ ရထားလမ်းတိုင်းတာရေးစက်နဲ့ ပဲခူး-ကလိ-နောင်ပတ္တရားလမ်းပိုင်း ၁၀ မိုင်ကို တိုင်းတာစစ်ဆေးနေပြီဖြစ်ပါတယ်။ အဲဒီလုပ်ငန်းတွေအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဘဏ္ဍာငွေရရှိပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် ဒေသတွင်းနိုင်ငံများနှင့် ဆက်သွယ်မယ့် ပဲခူး-မော်လမြိုင်-ရေး-ထားဝယ် ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးလုပ်ငန်းကို ၂၀၁၆-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ADB မှ မြန်မာ့မီးရထားသို့ပေးမည့် Pipeline Project ခေါင်းစဉ်အောက်မှာ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ထည့်သွင်းအဆိုပြုထားပါကြောင်းနှင့် ငွေများရရှိပြီးတဲ့အချိန်မှာ ဆက်လက်ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မူကြမ်း**

**လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေး စုံစမ်းရေး ကော်မရှင်အဖွဲ့ခွဲ(၁)၏ မြေသိမ်းနစ်နာမှုတိုင်ကြားစာ (၁၅၀၁)စောင်အနက် မည်မျှဖြေရှင်းပြီး၍ မည်မျှ ကျန်သေးသည်ကိုသိလိုခြင်းနှင့် ဖြေရှင်းဆောင်ရွက်မှုအခြေအနေအား ယင်းကော်မရှင်သို့ပြန်ကြားရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ကော်မရှင်အနေနဲ့ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် နစ်နာတဲ့ ပြည်သူတွေရဲ့ တိုင်ကြားစာတွေကို ကျွန်တော်တို့ စိစစ်ပြီးတော့မှ ကော်မရှင်ကတစ်ဆင့်၊ ပြည်ထောင်စုလွှတ်တော်ကတစ်ဆင့် အစိုးရကို ဆက်လက်ပေးပို့ပါတယ်။ အဲဒီလိုပဲ အဲဒီတစ်မှုချင်း အလိုက် ဖြေရှင်းဆောင်ရွက်ပြီးစီးမှုတွေကိုလည်း ပြည်သူလူထုက ကျွန်တော်တို့ ကော်မရှင်ကိုပဲ လာပြီးတော့မှ စုံစမ်းရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမြေကိစ္စနှင့်ပတ်သက်ပြီးတော့မှ ဘယ်သူကမှ သူတို့ကို အရေးတယူအဖက်လုပ်ပြီးတော့မှ ဖြေရှင်းနေတာမရှိပါဘူး။ ကျွန်တော်တို့ ကော်မရှင်ကပဲ တိုင်စာတွေကို စိစစ်ပြီးတော့တင်ပြတယ်။ ဒီတိုင်စာတစ်ခုချင်းနဲ့ပတ်သက်ပြီးတော့ ဘယ်လိုဖြေရှင်း ဆောင်ရွက်တယ်ဆိုတာကိုလည်း ကျွန်တော်တို့ကော်မရှင်ကပဲ ပြန်ကြားရတာဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ အဓိကကတော့ ဒီမေးခွန်းမေးရတာ ပြည်ထောင်စုအစိုးရရဲ့ တစ်မှုချင်းအလိုက် ဖြေရှင်းမှုအခြေ အနေကို ကော်မရှင်အနေနဲ့ ပြည်သူလူထုကို ပြန်ကြားနိုင်ဖို့အတွက် သိလိုတဲ့အတွက် မေးမြန်းရခြင်း ဖြစ်ပါတယ်။ တစ်မှုချင်းအလိုက်အခြေအနေတွေကို ပြီးခဲ့တဲ့နှစ် (၆)လပိုင်း (၂၄)ရက်နေ့အထိ ပြည်ထောင်စုအစိုးရက ကျွန်တော်တို့ကော်မရှင်ကို ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒီနောက်ပိုင်း အဆက်ပြတ် နေပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ အောက်တိုဘာလ ၂၃ ရက်နေ့ အထိ တိုင်စာ ၁၅၀၁ စောင်ကို အစီရင်ခံစာစာအုပ် ၁၈ အုပ်နဲ့ တင်ပြပြီးဖြစ်ပါတယ်။ ပြီးခဲ့တဲ့အပတ်က ပြည်ထဲရေးဝန်ကြီး ဌာနက တာဝန်ရှိတဲ့ ဒုတိယဝန်ကြီးလာရောက်ဖြေကြားရာမှာ ရန်ကုန်တိုင်းဒေသကြီးမှာ အရပ်ဘက်က စွန့်လွှတ်တာ ၃၇၂၁.၁ ဧက၊ ကာကွယ်ရေးဝန်ကြီးဌာနကစွန့်လွှတ်တာ ၆၄၄၄ ဧက ရှိတဲ့အတွက် စုစုပေါင်း စွန့်လွှတ်မြေဟာ ၁၀၁၆၅.၁ ဧကရှိပါတယ်။ ဒီစွန့်လွှတ်မြေတွေနဲ့ပတ်သက် ပြီးတော့မှ ဘယ်အမှုအတွက် ဘယ်နှစ်ဧက ဘယ်နေရာမှာ စွန့်လွှတ်တယ်ဆိုတာ ကျွန်တော်တို့ ဂယနဏသိလို တဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ မေးခွန်း(၁)တင်ပြထားတဲ့ နစ်နာမှုတိုင်ကြားစာ

၁၅၀၁ စောင်အနက် စောင်ရေမည်မျှအား ဖြေရှင်းပြီးစီး၍ ဖြေရှင်းရန် မည်မျှကျန်သေးသည်ကိုသိလိုပါတယ်။ မေးခွန်း(၂) တိုင်ကြားစာတစ်ခုချင်းစီအပေါ် ဖြေရှင်းဆောင်ရွက်မှုအခြေအနေအား လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်သို့ပြန်ကြားပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းရဲ့မေးခွန်းအပေါ် ကျွန်တော်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက်ကို စုံစမ်းရေးကော်မရှင်ကနေပြီးတော့ ပေးပို့လာတဲ့စာများကို မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုဌာနကော်မတီအနေနဲ့ အစီရင်ခံစာအပိုင်း(၁)မှ (၁၁)အထိသတ်မှတ်ပြီးတော့ မြေကိစ္စ ၁၄၄၉၉ စောင်ကို စိစစ်ဖြေရှင်းဆောင်ရွက်လျက်ရှိရာမှာ ၁၅-၅-၂၀၁၅ ရက်နေ့အထိ မြေကိစ္စ ၇၆၉၇ မှုကို စိစစ်ဆောင်ရွက်နိုင်ခဲ့ပြီးတော့ စိစစ်ဆဲ ၆၈၀၂ မှုရှိပါတယ်။ အစီရင်ခံစာအပိုင်းအသီးသီးပါ စွန့်လွှတ်တဲ့မြေများရော၊ အစီရင်ခံစာအပိုင်းများမှာမပါပေမယ့်လည်း သက်ဆိုင်ရာ ကာကွယ်ရေးဝန်ကြီးဌာန၊ အခြားဝန်ကြီးဌာနတွေ၊ ကုမ္ပဏီတွေ၊ လုပ်ငန်းများကနေပြီးတော့ သီးခြားစွန့်လွှတ်တဲ့မြေများအပါအဝင် စုစုပေါင်း အပိုင်း(၁)မှ (၁၁)အထိ သီးခြားစွန့်လွှတ်တဲ့မြေအပါအဝင် စုစုပေါင်း ၃၄၃၇၃၁.၇၅၇ ဧကကိုစိစစ်နိုင်ခဲ့ပြီးတော့ ဒီစွန့်လွှတ်မြေများအနက်က ပြီးတော့ ကျွန်တော်တို့ ပြန်စိစစ်တဲ့အခါမှာ စိုက်ပျိုးမြေနှင့်စိုက်ပျိုးမြေမဟုတ်တဲ့မြေများဆိုပြီးတော့ ပြန်ခွဲခြားပါတယ်။ အဲဒီ စိုက်ပျိုးမြေများကိုတော့ သက်ဆိုင်ရာတောင်သူများ ၃၃၆၀၈ ဦးထံကို မြေဧရိယာ ၁၈၄၉၉၃.၂၆၈ ဧကကို ပြန်လည်လွှဲပြောင်း

ပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။ စိုက်ပျိုးမြေတင်မဟုတ်ဘဲ အခြားမြေများကိုလည်း သက်ဆိုင်ရာ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကများကို ပြန်လည်လွှဲပြောင်းတဲ့အခါမှာ ၁၅၀၃၃၆.၄၉၄ ဧကကို လွှဲပြောင်း ပေးနိုင်တဲ့အတွက် စုစုပေါင်းလွှဲပြောင်းပြီး စွန့်လွှတ်မြေကတော့ ၃၃၅၃၂၉.၇၆၂ ဧကဖြစ်တဲ့အတွက် လွှဲပြောင်းပေးအပ်ရန်စိစစ်ဆဲကတော့ ၈၄၀၁.၉၉၅ ဧကဖြစ်ပါ တယ်။ ဒါကိုလည်း ကျွန်တော်တို့ ၂၁-၅-၂၀၁၅ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေးရဲ့ (၄၇)ရက်မြောက်နေ့မှာ ကျွန်တော် တင်ပြခဲ့ပြီးဖြစ်ပါတယ်။

ယခု ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းရဲ့ အစီရင်ခံစာ ၁၈ အုပ်အပေါ် တိုင်ကြားစာ ၁၅၀၀ စောင်ရှိတယ်ဆိုပြီးတော့ ဖော်ပြပြီး မေးမြန်းလာတာရှိပါတယ်။ ဒါကို ကျွန်တော်တို့စိစစ်တဲ့အခါမှာ ၂၆-၃-၂၀၁၅ ရက်နေ့အထိ အစီရင်ခံစာ ၁၆ အုပ်သာ ကျွန်တော်တို့ လက်ခံရရှိပါတယ်။ ဒီအစီရင်ခံစာစာအုပ်တွေ ကျွန်တော် ပြန်လည်ပြီးတော့ရရှိမှုကို ပြန်လည်တင်ပြရရင် ၁၁-၁၁-၂၀၁၃ ရက်နေ့မှာ ပေးပို့တဲ့အစီရင်ခံစာ အပိုင်း(၃) နောက်ဆက်တွဲ(၂) တပ်မတော်တပ်ရင်းတပ်ဖွဲ့များသိမ်းဆည်းမှုစာအုပ်မှာ ၈၂ မှု၊ အစီရင်ခံ စာ(၃) အပိုင်း(၃) နောက်ဆက်တွဲ(၂)စာအုပ်မှာ ၁၄၄ မှု၊ ၁၃-၁၁-၂၀၁၃ ရက်နေ့မှာ ပေးပို့လာတဲ့ အစီရင်ခံစာအပိုင်း(၃) နောက်ဆက်တွဲ(၁)မှာ ၆၂ မှု၊ ၂၁-၁-၂၀၁၄ ရက်နေ့မှာ ပေးပို့လာတဲ့ အစီရင်ခံစာအပိုင်း(၁)၊ (၂)၊ (၃)စာအုပ်မှာ ၂ မှု၊ ၂၄-၃-၂၀၁၄ ရက်နေ့မှာ ပေးပို့လာတဲ့ အစီရင်ခံစာ အပိုင်း(၃) နောက်ဆက်တွဲ(၃)စာအုပ်မှာ ၂၃၇ မှု၊ အစီရင်ခံစာအပိုင်း(၃) နောက်ဆက်တွဲ(၄)စာအုပ်မှာ ၆ မှု၊ အစီရင်ခံစာအပိုင်း(၃) နောက်ဆက်တွဲ(၅)မှာ ၁၀၃ မှု၊ ၂၈-၃-၂၀၁၄ ရက်နေ့မှာပေးပို့လာတဲ့ အစီရင်ခံစာအပိုင်း(၄)စာအုပ်မှာ ၁၁၉ မှု၊ ၃၀-၅-၂၀၁၄ ရက်နေ့မှာ ပေးပို့လာတဲ့ အစီရင်ခံစာအပိုင်း (၃) နောက်ဆက်တွဲ(၃)မှာ ၁၂၇ မှု၊ ၁၅-၇-၂၀၁၄ ရက်နေ့မှာပေးပို့လာတဲ့ အစီရင်ခံစာအပိုင်း(၃) နောက်ဆက်တွဲ(၆)စာအုပ်မှာ ၂၄၉ မှု၊ ၁-၈-၂၀၁၄ ရက်နေ့မှာပေးပို့လာတဲ့ အစီရင်ခံစာအပိုင်း(၃) နောက်ဆက်တွဲ(၇)စာအုပ်မှာ ၅ မှု၊ ၂၂-၁၀-၂၀၁၄ ရက်နေ့မှာ ပေးပို့လာတဲ့ အစီရင်ခံစာအပိုင်း(၃) နောက်ဆက်တွဲ(၈)စာအုပ်မှာ ၂၅၈ မှု၊ ၂၆-၃-၂၀၁၅ ရက်နေ့မှာပေးပို့လာတဲ့ အစီရင်ခံစာအပိုင်း(၃) နောက်ဆက်တွဲ(၉)စာအုပ်မှာ ၁၇၅ မှု၊ အစီရင်ခံစာအပိုင်း(၃) နောက်ဆက်တွဲ(၁)စာအုပ်မှာ ၆၆ မှု၊ အခြားမြေနှင့်သက်ဆိုင်သည့် အစီရင်ခံစာအပိုင်း(၃)စာအုပ်မှာ ၂၉ မှု၊ တပ်မတော်နှင့်သက်ဆိုင်သည့် အစီရင်ခံစာအပိုင်း(၃)စာအုပ်မှာ ၇၄ မှု စုစုပေါင်း အစီရင်ခံစာ ၁၆ အုပ်မှာ မြေကိစ္စအမှုတွဲ ၁၇၃၈ မှု ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီးမေးမြန်းတာကတော့ ၁၈

အုပ်မှာ ၁၅၀၁ မှုလို့ပြောပါတယ်။ ကျွန်တော်တို့စိစစ်တာကတော့ ၁၆ အုပ်ရှိပြီးတော့ အမှုက ၁၇၃၆ မှု ရှိပါတယ်။ ဒီအစီရင်ခံစာတွေမှာပါတဲ့ မြေအမှုတွဲအားလုံးသည်လည်း ရန်ကုန်တိုင်းဒေသကြီး၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီကနေပြီးတော့ အစီရင်ခံစာအပိုင်း(၄)၊ (၅)၊ (၆)၊ (၈)၊ (၁၁) မှာ စိစစ်ဖြေရှင်းနေတဲ့အမှုများဖြစ်ပါတယ်။ ဒါလည်း စိစစ်ဖြေရှင်းနေဆဲဖြစ်ပါတယ်။ ဒါကိုလည်း ကျွန်တော် ဆက်လက်ပြီးတင်ပြပါ့မယ်။

ဒါကြောင့်မို့လို့ ဒီအစီရင်ခံစာမှာပါတာနဲ့ပတ်သက်ပြီးတော့ ၂၆-၃-၂၀၁၅ ရက်နေ့အထိ လက်ခံရရှိတဲ့စာအုပ်က ၁၈ အုပ်မဟုတ်ဘဲနဲ့ ၁၆ အုပ်သာလက်ခံရရှိပြီးတော့ ဒီစာအုပ်မှာပါတဲ့အမှုအရေအတွက်က ၁၅၀၁ စောင်မဟုတ်ဘဲနဲ့ ၁၇၃၈ စောင်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဲဒီတော့ ၂၀၁၅ ခုနှစ်၊ မေလ ၁၅ ရက်နေ့အထိ အစီရင်ခံစာအပိုင်း(၁)မှ (၁၁)အထိ ဖြေရှင်းရန်အမှု ရန်ကုန်တိုင်းဒေသကြီး၊ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအနေနဲ့ ၃၅၇၃ မှုအနက် ၁၂၄၃ မှု စိစစ်ဖြေရှင်းပြီးဖြစ်ပါတယ်။ စိစစ်ဆဲကတော့ ၂၃၃၀ မှုဖြစ်ပါတယ်။ ဒီအစီရင်ခံစာမှာပါဝင်တဲ့အမှုများသည် စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ခွဲ(၁)မှပေးပို့လာတဲ့ အစီရင်ခံစာစာအုပ် ၁၆ ပါ အမှုတွဲ ၁၇၃၈ မှုသည်လည်း ရန်ကုန်တိုင်းဒေသကြီး၊ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရဲ့ စိစစ်ဖြေရှင်းတဲ့အမှုတွဲမှာပါပြီးဖြစ်ပါတယ်။ ဦးအောင်သိန်းလင်းတင်ပြတဲ့ ဒီအမှု ၁၇၃၈ မှုအပေါ် စိစစ်မှုကိုပြန်တင်ပြရရင် စိစစ်ဖြေရှင်းပြီးတာ ၈၁၃ မှုဖြစ်ပါတယ်။ စိစစ်ဆဲက ၉၂၅ မှုဖြစ်ပါတယ်။ ဒီစိစစ်မှုများအပေါ် ကျွန်တော်တို့ ပြန်လည်စွန့်လွှတ်မှုမြေများကို စိစစ်တဲ့အခါမှာ အသုံးပြုရန် ပိုမိုတဲ့အတွက် စွန့်လွှတ်တဲ့မြေဟာ ၃ မှုဖြစ်ပြီးတော့ စွန့်လွှတ်မြေဟာ ၄၀၁.၀၉၈ ဧကဖြစ်ပါတယ်။ အသုံးမပြု၍ အားလုံးစွန့်လွှတ်တဲ့ မြေကတော့ ၁၁ မှုဖြစ်ပြီးတော့ စွန့်လွှတ်တဲ့မြေ ၇၆၅.၇၂ ဧက ဒါကြောင့်မို့ စုစုပေါင်း မြေကိစ္စ ၁၄ မှုမှာ စွန့်လွှတ်မြေဟာ ၁၁၆၆.၈၁၈ ဧကဖြစ်ပါတယ်။ ဒီစွန့်လွှတ်မြေများကိုလည်း ဒီ ၁၁၆၆.၈၁၈ ဧကကို သက်ဆိုင်ရာလူများကို ပြန်လည်လွှဲပြောင်းပေးတဲ့အခါမှာ ယာယီပုံစံနဲ့ တောင်သူ ၈၄ ဦးကို မြေဧရိယာ ၆၄၄.၁ ဧက၊ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)နဲ့ တောင်သူ ၁၈ ဦးကို မြေဧက ၃၈၇.၈၅ ဧက စုစုပေါင်း တောင်သူ ၁၀၂ ဦးကို စိုက်ပျိုးမြေဧရိယာ ၁၀၃၁.၉၅ ဧကကို လွှဲပြောင်းပြီးဖြစ်ပါတယ်။ ကျန်တဲ့မြေတွေကတော့ စိုက်ပျိုးမြေမဟုတ်တဲ့စားကျက်မြေတွေ ၆၅ ဧကပါပါတယ်။ မြို့မြေ ၀.၃၄ ဧက ဖြစ်ပါတယ်။ ဒါကိုလည်း သက်ဆိုင်ရာစီမံခန့်ခွဲရတဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို အပ်နှံပြီးတော့ မြို့မြေနှင့်ပတ်သက်တဲ့ ၀.၃၄ ဧကကိုတော့ သက်ဆိုင်ရာပုဂ္ဂိုလ်ကို လွှဲပြောင်းပေးအပ်ပြီးဖြစ်တဲ့အတွက် စုစုပေါင်းလွှဲပြောင်းအပြီးမှာ စွန့်လွှတ်မြေ ၁၀၉၇.၂၉ ဧကဖြစ်ပြီးတော့

လွှဲပြောင်းပေးအပ်ရန်ကျန်ကတော့ ၆၉.၅၂၈ ဧကဖြစ်ပါတယ်။ ဒါကိုလည်း သက်ဆိုင်တဲ့လူကို လွှဲပြောင်းပေးအပ်နိုင်ဖို့အတွက်ကို ဒီသက်ဆိုင်တဲ့လူကို မြေပြင်မှာစိစစ်နေဆဲဖြစ်ပါတယ်။ ဒါကို စိစစ်ပြီးတော့ မူလမြေပိုင်ရှင်များကို ၆၉.၅၂၈ ဧကကို လွှဲပြောင်းပေးအပ်သွားမှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ တောင်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းရဲ့မေးခွန်းပါ တိုင်ကြားစာများဟာ ရန်ကုန်တိုင်းဒေသကြီး၊ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီကနေပြီးတော့ စိစစ်ဖြေရှင်းဆောင်ရွက်ပေးနေတဲ့ အစီရင်ခံစာအပိုင်းအသီးသီးမှာပါတဲ့ မြေကိစ္စလည်းဖြစ်ပါတယ်။ ဒီအဖွဲ့ခွဲ(၁)ရဲ့အစီရင်ခံစာမှာ စာအုပ် ၁၈ အုပ်နှင့် တင်ပြပေမယ့် တိုင်ကြားစာ ၁၅၀၁ စောင်ရှိတယ်လို့ဖော်ပြထားသော်လည်း မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီရဲ့ စိစစ်ချက်အရ အစီရင်ခံစာစာအုပ် ၁၆ အုပ်ဖြစ်ပြီးတော့ တိုင်ကြားစာ ၁၇၃၈ စောင်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စိစစ်ပြီးမြေကိစ္စကတော့ ၈၁၃ မှုဖြစ်ပြီးတော့ စိစစ်ဆဲကတော့ ၉၂၅ မှုဖြစ်ပါတယ်။ ဒီစိစစ်ဖြေရှင်းရန်ကျန်တဲ့အမှုကိစ္စများကိုလည်း သက်ဆိုင်ရာမြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ပူးပေါင်းပြီးတော့ ဆက်လက်ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ ကျွန်တော့်အနေနဲ့ သိလိုတာက တစ်မှုချင်းအလိုက် အရင်က မြေပြန်စွန့်တယ်မစွန့်ဘူးဆိုတာ ကျွန်တော်တို့ ပြန်ကြားပါတယ်။ ကျွန်တော်တို့ ကော်မရှင်အနေနဲ့ တိုင်စာပေးတဲ့ လယ်သမားတွေကို သက်ဆိုင်ရာအုပ်ချုပ်ရေးဌာနက လာစစ်တယ်။ စစ်ပြီးတော့ သုံးလေးလရှိပြီး ကျွန်တော်တို့ကို ဘာမှလည်းအကြောင်းမကြားဘူးဆိုပြီးတော့ ခဏခဏ ကော်မရှင်ကို လာလာပြောနေကြတယ်။ ကျွန်တော်တို့ သိချင်တာက ဘယ်အမှုမှာ၊ ဘယ်တိုင်စာမှာ၊ ဘယ်နှစ်ဧက၊ ဘယ်သူ့ကို ပြန်စွန့်လွှတ်တယ်ဆိုတာလေးကို အရင်ကပေးခဲ့တဲ့ နမူနာတွေရှိပါတယ်။ အဲဒီတော့ဆက်ပြီးတော့မှ အဲဒီလို တစ်မှုချင်းလိုက်စွန့်လွှတ်တဲ့မြေတွေနဲ့ပတ်သက်ပြီးတော့မှ ဦးစီးဇယားလေးနဲ့ ကျွန်တော်တို့ကိုပေးမယ်ဆိုရင် ကျွန်တော်တို့ကလည်း နစ်နာတဲ့သူတွေကို ပြန်ကြားလို့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမြေကိစ္စနဲ့ပတ်သက်ပြီးတော့မှ နစ်နာတဲ့သူတွေအနေနဲ့ ဘယ်ဌာနကိုမှဆက်သွယ်ပြီးတော့မှ မေးမြန်းလို့မရပါဘူး။ ကျွန်တော်တို့ ကော်မရှင်တစ်ခုတည်းကိုပဲ သူတို့သိချင်တာ မေးမြန်းလို့ရတာဖြစ်တဲ့အတွက် အဓိကကတော့ တစ်မှုချင်းအလိုက် ဖြေရှင်း

ဆောင်ရွက်ပြီးစီးမှုအခြေအနေတွေကို ကျွန်တော်တို့ကော်မရှင်ကို ဆက်ပို့ပေးပါလို့ ကျွန်တော့်အနေနဲ့ တောင်းဆိုလိုခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့အထဲမှာ မြေကိစ္စများ ဖြေရှင်း ဆောင်ရွက်ရာမှာ ကော်မရှင်အဖွဲ့ခွဲတွေကိုပဲ စိစစ်ပြီးမေးမြန်းပြီးမှသိရတယ်လို့ ခုနကမေးလိုက်တဲ့ မေးခွန်းထဲမှာပါပါတယ်။ ကျွန်တော်ခုနက ဖြေတဲ့အထဲမှာလည်း (၁၂)ကြိမ်မြောက် ပြည်ထောင်စု လွှတ်တော်ရဲ့ ပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့မှာလည်း တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ အစီရင်ခံစာအပိုင်းများမှာပါတဲ့မြေကိစ္စတွေရော၊ အစီရင်ခံမှာ မတိုင်ပေမယ့်လည်း သက်ဆိုင်ရာဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ အခြားဝန်ကြီးဌာနတွေ ရှိပါတယ်။ နောက်ကုမ္ပဏီတွေရှိပါတယ်။ ကုမ္ပဏီတွေ၊ လုပ်ငန်းရှင်တွေကနေပြီးတော့ သီးခြား စွန့်လွှတ်တဲ့မြေတွေ အားလုံးစုစုပေါင်း ၃၄၀၀၀၀ ကျော်ရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့ စိစစ်ပြီးတဲ့အခါမှာ ပြန်လည်လွှဲပြောင်းပေးတဲ့အကွက်ကို ၈၄၀၁ ဧကပဲကျန်ပါတယ်။ တောင်သူ ၃၃၆၈ ဦး လွှဲပြောင်းပြီးဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ်တွေကတော့ မသိဘူးဆိုတာ မဖြစ်နိုင်ဘူး။ ဘာလို့လဲ ဆိုတော့ သက်ဆိုင်ရာ မြို့နယ်၊ မြေအသုံးချမှုစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်ကို ကျွန်တော်တို့က သက်ဆိုင်ရာ မြေပြင်မှာဆင်းပြီးတော့မှ ဖြေရှင်းဆောင်ရွက်တာဖြစ်တဲ့အတွက် ကာယကံရှင်တွေ လက်ထဲရောက်ရှိတာဖြစ်တဲ့အတွက် မသိတာတော့မဖြစ်နိုင်ဘူးလို့ ကျွန်တော် (၁)အချက်အနေနဲ့ ပြောလိုပါတယ်။

နောက်တစ်ချက်ကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့အထဲမှာ ကော်မရှင်တစ်ခု ချင်းကိုတော့ တစ်ခုချင်းစီမဖြေနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ၁၄-၃-၂၀၁၅ ရက်နေ့ MICC(2)မှာ မြေအသုံးချမှုစီမံမှုဗဟိုကော်မတီနဲ့ ဥက္ကဋ္ဌဖြစ်တဲ့ဒုတိယသမ္မတဦးစီးတဲ့အဖွဲ့နဲ့ ပြည်ထောင်စုလွှတ်တော် နာယကကြီးဦးစီးတဲ့၊ ပြည်ထောင်စုလွှတ်တော်လယ်ယာမြေနဲ့အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေး စုံစမ်းရေးကော်မရှင်အဖွဲ့ခွဲ(၁၁)ဖွဲ့တို့ တွေ့ဆုံတဲ့အခါမှာလည်း အဲဒီမှာ ကျွန်တော်တို့ နာယကကြီးကိုယ်စား လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦးအနေနဲ့ ကျွန်တော်တို့နဲ့ တွေ့ဆုံပြီးတော့ ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့တစ်ဖွဲ့ချင်းတော့ ပြန်ဖို့ခက်တယ်။ လာတဲ့အခါမှာ စုံစမ်းရေးကော်မရှင်ကပဲ သီးခြား လွှတ်တော်အနေနဲ့ ကျွန်တော်တို့ အစိုးရအဖွဲ့ကို သဝဏ်လွှာပို့မယ်။

**မူကြမ်း**

အစိုးရအဖွဲ့ကနေ ဗဟိုကော်မတီကိုပေးမယ်။ ဗဟိုကော်မတီက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်အဆင့်အထိကို ဒီမြေတွေ ခွဲခြားပြီးတော့စိစစ်မယ်။ ပြန်တက်လာတာကို ပြည်ထောင်စုအစိုးရအဖွဲ့ကပဲ လွှတ်တော်ကော်မရှင်ကို ပြန်တင်ပြမယ်။ ဒီလိုဆောင်ရွက်တယ်ဆိုရင်တော့ ခုနကလိုပေါ့ တစ်မှုချင်းစဉ်ပြီးတော့ ပြန်တင်ပြမယ်။ ဒီလိုဆိုရင်တော့ ကျွန်တော်တို့က အဖွဲ့(၁)ကလည်းပေးမယ်။ အဖွဲ့(၂)ကလည်းတောင်းမယ်။ အဖွဲ့(၃)ကလည်းတောင်းမယ်။ အဖွဲ့(၁၁)ကလည်းတောင်းမယ်ဆိုရင်တော့ ဒါတွေဖြေရှင်းတာနဲ့ ကျွန်တော်တို့မူလအလုပ်ကို လုပ်ရမယ့် အလုပ်မရှိတဲ့သဘောမျိုးဖြစ်ပါတယ်။ ဒါတွေလည်း ကျွန်တော်တို့က အလေးထားပြီးတော့ ဖြေရှင်းဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးတာလည်း ကျွန်တော်တို့အစိုးရ လက်ထပ်မှာဆောင်ရွက်ခဲ့တဲ့ကိစ္စတွေမဟုတ်ပါဘူး။ အစိုးရအဆက်ဆက်က နိုင်ငံတော်ရဲ့ လိုအပ်ချက်အရ၊ ပြည်သူတွေရဲ့လိုအပ်ချက်အရ အနည်းဆုံး မြေဧကကို ဒီဖွဲ့စည်းပုံအခြေခံဥပဒေပါ ဥပဒေများအတိုင်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒါပေါ်မူတည်ပြီးတော့ ဆုံးရှုံးနစ်နာသူများကနေပြီးတော့ တောင်းဆိုလာတဲ့အတွက် ဒါကိုကျွန်တော်တို့အစိုးရအဖွဲ့ကနေပြီးတော့ ဒီ ပြည်ထောင်စုလွှတ်တော် လယ်ယာမြေစုံစမ်းရေးကော်မရှင်ကနေပြီးတော့ ပေးပို့လာမှုအပေါ်မူတည်ပြီးတော့ အလေးထားပြီးတော့ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း ကျွန်တော်တို့ ၃၃၆၈ ဦးသည် မြေကို ၃၀၀၀၀၀ကျော်ရောက်ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အနေနဲ့သီးခြားတစ်ဖွဲ့ချင်းတော့ မပေးနိုင်ပါဘူး။ ကျွန်တော်တို့ကော်မရှင်အနေနဲ့ စုစည်းပြီးတော့လည်း တစ်ဖွဲ့ချင်းပေးမယ်လို့ ကျွန်တော်တင်ပြခဲ့ပြီးဖြစ်တဲ့အတွက် တစ်ဖွဲ့ချင်းမပေးနိုင်တဲ့အကြောင်း ကျွန်တော် ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လယ်ယာမြေနဲ့ အခြားမြေများ သိမ်းဆည်းမှုနဲ့ပတ်သက်ပြီးတော့ ဖွဲ့ထားတဲ့ကော်မရှင်ရှိတယ်။ အဲဒီကော်မရှင်ဥက္ကဋ္ဌကြီးအနေနဲ့ ဘာများမှတ်ချက်ပေးစရာရှိပါသလဲ။ ရှိရင် မှတ်ချက်လေးပေးပေးပါ။ ဥက္ကဋ္ဌကြီးအနေနဲ့ မှတ်ချက်ပေးစရာမရှိရင်တော့ ကျွန်တော်တို့အနေနဲ့ကတော့ ပြောရရင်တော့တကယ်တမ်းထဲထဲဝင်ဝင် တာဝန်ရှိသူတွေ လုပ်နေကြတာကတော့ ကော်မရှင်ကလည်းပဲ ကော်မရှင်ရဲ့အဖွဲ့ဝင်တွေပါဝင်သလိုပဲ စိစစ်ပြီးတော့မှ ပြန်လည်စွန့်လွှတ်ပေးနေတဲ့ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များလည်းရှိပါတယ်။ ဒါကတော့ပြောရရင်တော့ အဲဒီတာဝန်ရှိသူတွေနဲ့ပဲ ပိုပြီးတော့သူတို့ကပဲ ပိုပြီးတော့ ဒါအသေးစိတ်ပေါ့နော်။ ကျွန်တော်တို့အနေနဲ့တော့ လယ်ယာမြေသိမ်းဆည်းမှုကော်မရှင်မှာလည်း မပါဝင်တဲ့အတွက် တည့်တည့်ပြောရရင်တော့

အသေးစိတ်ဂဃဏန အသေးစိတ်မသိပါဘူး။ သို့သော်လည်း မေးခွန်းအနေနဲ့ကတော့ ကာယကံရှင် တောင်ဥက္ကလာပမဲဆန္ဒနယ်က ဦးအောင်သိန်းလင်း သိချင်တာကတော့ ကျွန်တော်တို့ စာမေးပွဲဖြေ သလိုပါပဲ။ တစ်ပုဒ်ချင်းအလိုက် ဘယ်အပိုဒ်ကို အောင်တယ်၊ ကျတယ်။ ဘယ်နှစ်မှတ်ရတယ်လို့ ပြောလိုက်တာမျိုးမဟုတ်ဘဲနဲ့ ပုစ္ဆာနံပါတ်(၁)ကတော့ ဘယ်လောက်ရတယ်။ ဘယ်လောက်ပေးတာပါ။ ဘယ်နှစ်မှတ်။ ပုစ္ဆာနံပါတ်(၂)မှာတော့ ဘယ်နှစ်မှတ်ပေးတာပါ။ ဘယ်နှစ်မှတ်ရတယ်ဆိုတာမျိုး။ ဒါဒီလိုပဲ အအဖြေတော့ရှိလိမ့်မယ်လို့ ကျွန်တော်နားလည်ပါတယ်။ လုံးပေါင်းကြီး ဇကကြီး ဘယ်လောက်သိမ်းထားတယ်။ ဇကပေါင်းဘယ်နှစ်ထောင်၊ ဘယ်နှစ်သောင်း။ ဘယ်နှစ်ဇက ဘယ် နှစ်ထောင်ပြန်စွန့်လွှတ်လိုက်ပြီးလို့ပြောလိုက်ရင် သူရသလား၊ ကိုယ်ရသလားမသိမှာလည်း အခြေ အနေရှိပါတယ်။ ကာယကံရှင်များအနေနဲ့ သိတဲ့လူများရှိသလိုပဲ အချို့ လက်လှမ်းမမီလို့မသိတဲ့ လူများလည်းရှိကောင်းရှိနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ပြန်လည်ဖြေကြားတဲ့နေရာမှာ စိစစ်ပြီးတော့ ပြန်လည်စွန့်လွှတ်တဲ့ပုဂ္ဂိုလ်များအနေနဲ့တော့ သိမှာပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အကုန်လုံးအဖြေ ကြီးပဲ ဒီလိုပဲပေးမယ့်အစားတော့လည်း ခုနကပြောသလို တစ်ခုချင်းအလိုက်၊ တစ်ခုချင်းအလိုက်ကို စိစစ်တဲ့လူကလည်း တစ်ခုချင်းအလိုက်၊ တစ်ခုချင်းအလိုက်ပဲ စိစစ်မယ်လို့ ကျွန်တော်နားလည်ပါတယ်။ ဒါကြောင့်မို့ စိစစ်တဲ့လူကတော့ သိမှာပါပဲ။ သူ့မှာ ဒီစာရင်းဇယားတွေရှိမှာပါပဲ။ ဒီလာရောက်ပြီးတော့ တာဝန်ယူပြီးဖြေရှင်းပေးရတဲ့ တာဝန်ရှိတဲ့ပုဂ္ဂိုလ်အနေနဲ့ကတော့ အကုန်လုံးကိုတစ်ခါတည်းတော့ ကျွန်တော်ပြောနိုင်မယ်လို့ ကျွန်တော်ကိုယ်တိုင်ဆိုရင်လည်းပြောနိုင်မယ် မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ သိလိုတဲ့လူနဲ့ ဖြေကြားရမယ့်လူနဲ့ကတော့ သက်သက်သီးခြား မေးမြန်းပြီးတော့ သီးခြားဖြစ်အောင် ဖြေပေးမယ်ဆိုရင်တော့ ဒါအများကောင်းကျိုးဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ကတော့ မေတ္တာရပ်ခံ လိုတာကတော့ စာရင်းဆိုတာကတော့ရှိမှာပါ။ စာရင်းမရှိဘဲနဲ့ဖြေတာကတော့ မဖြစ်နိုင်ဘူးခင်ဗျား။

ဒါကြောင့်မို့လို့ အကယ်၍ အခု လာပြီးတော့ ဖြေရှင်းပေးရတဲ့ ပြည်ထောင်စု ဒုတိယဝန်ကြီး အနေနဲ့တော့ အကုန်လုံး ဂဃနဏသိချင်မှသိမယ်။ သို့သော်လည်း တာဝန်ယူဖြေရှင်းပေးပြီးတော့ စွန့်လွှတ်ပေးတဲ့ပုဂ္ဂိုလ်များကတော့ သိမှာဖြစ်ပါတယ်။ သူတို့ကနေတစ်ဆင့် ပြန်ကြားပေးနိုင်မယ် ဆိုရင်တော့ ကျွန်တော်ထင်တယ် အများပြည်သူအနေနဲ့လည်း သက်တောင့်သက်သာနဲ့ အင်မတန် ဝမ်းသာပီတိဖြစ်ရမယ့်ကိစ္စတွေပါ။ အောင်တဲ့လူလည်း အောင်ချက်ကလေးသိချင်မှာပါခင်ဗျ။ ဒါကြောင့်မို့လို့ ဒါလေးက အများဆန္ဒဖြစ်တဲ့အတွက် ကူညီဆောင်ရွက်ပေးဖို့ပဲ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံလိုပါတယ်။ ပြောပါခင်ဗျ။

**မှူးကြမ်း**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ပြည်ထောင်စုလွှတ်တော် သဝဏ်လွှာပေးပို့တဲ့အခါမှာ တင်ပြပါစာအုပ်တွေအတိုင်း တစ်မူချင်း ပါပါတယ်။ ရန်ကုန်တိုင်းဒေသကြီးကအစ ရန်ကုန်တိုင်းဒေသကြီးအတွက်တစ်ခု သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျွန်တော်တို့က နေပြည်တော်ကောင်စီဝင် ၁၅ ခုဖွဲ့ထားတယ်။ ၁၅ ခုမှာ တိုင်စာတွေကို ပြည်ထောင်စုလွှတ်တော် ကျွန်တော်တို့ ဒီအတိုင်းပဲ ပေးလိုက်တယ်။ ပေးလိုက်တဲ့အခါမှာ ကျွန်တော်တို့က တစ်မှုချင်းစစ်ရပါတယ်။ တစ်မှုချင်းစစ်ပြီးတော့ အဲဒီတစ်မှုသည် ဒါ ရန်ကုန်တိုင်းဒေသကြီး၊ ဒါဧရာဝတီတိုင်းဒေသကြီး၊ ဒါမန္တလေးတိုင်းဒေသကြီး ပြန်ခွဲပြီးတော့ တစ်ခါအဲဒီ အထဲမှာ ဘယ်ဝန်ကြီးဌာနတွေပါသလဲဆိုတာ ပြန်စိစစ်ရပါတယ်။ ပြီးတော့မှာ ကာကွယ်ရေးဝန်ကြီး ဌာနပါလား။ ပြည်ထဲရေးဝန်ကြီးဌာနပါလား။ ပို့ဆောင်ရေးဝန်ကြီးဌာနပါလား။ ဆက်သွယ်ရေးဝန်ကြီး ဌာနပါလား။ ကျန်းမာရေးဝန်ကြီးဌာနတို့။ အဲဒီဝန်ကြီးဌာနတွေလည်း ပေးရပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်တွေလည်းပေးရပါတယ်။ ပြီးတဲ့အခါမှ သက်ဆိုင်ရာတိုင်းဒေသကြီးပြည်နယ် ကလည်း တစ်ခါပြန်ပြီးတော့ ခရိုင်အလိုက်၊ မြို့နယ်အလိုက် ပြန်ခွဲပြီးတော့ သက်ဆိုင်ရာသို့ အမှုတွေ ပြန်ချပေးရပါတယ်။ ပြန်ချပြီးတော့ ပြန်တက်လာတဲ့အခါမှာ ကျွန်တော်တို့က စိစစ်ပြီးတော့ ဒီလို စာအုပ်တွေ ပြုစုပါတယ်။ အသေးစိတ်တစ်မှုချင်းပါပါတယ်။

အစီရင်ခံစာအပိုင်း(၁)ရဲ့ မူလအမှတ်စဉ် ၁၊ မူလအမှတ်စဉ် ၂၊ မူလအမှတ်စဉ် ၃ မြေအမှု အတွက် တစ်ခုချင်းပါတယ်။ ကျွန်တော်တို့ဆီပေးပို့တဲ့စာကတော့ တစ်ခုမှ ပျောက်စရာအကြောင်းမရှိပါ ဘူး။ ကျွန်တော် စနစ်တကျပြုစုထားပါတယ်။ အခုနက လွှတ်တော်ကိုယ်စားလှယ် ၁၅၀၁ စောင်လို့ ပြောတယ်။ ကျွန်တော်တို့က ၁၇၃၈ ရှိပါတယ်။ အမှုစာအုပ်လွဲသွားတယ်။ ဒါကတော့ အမှတ်မှားတာ ဘယ်သူ အမှတ်မှားသလဲတော့ ကျွန်တော်လည်း မသိဘူး။ ကျွန်တော် သိတာကတော့ ကျွန်တော် တို့က ၁၇၃၈ ရှိပါတယ်။ အဲဒီ ၁၇၃၈ ပေါ်မှာ ကျွန်တော်တို့ ဖြေရှင်းပေးနေပါတယ်။ ဖြေရှင်းပေးတဲ့ နေရာ မှာလည်း တစ်မှုချင်းပါ။ ကျွန်တော်တို့ ဖြေရှင်းတဲ့အခါကျတော့ တစ်တိုင်းချင်းသာရှင်းရင် ကျွန်တော် ဒီမှာလည်း ရှင်းမှာမဟုတ်ပါဘူး။ တစ်နေ့တည်းလည်း ပြီးမှာမဟုတ်ပါဘူး။ တစ်တိုင်းချင်းတောင် တစ်နေ့တည်းမပြီးပါဘူးခင်ဗျား။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီမှာလာရှင်းတဲ့အခါကျတော့ ပြည်ထောင်စုကို အချုပ်အနေနဲ့ တစ်နိုင်ငံလုံးအချုပ်အနေနဲ့ ကျွန်တော်တို့ ရှင်းပြခြင်းဖြစ်ပါတယ်။ တစ်တိုင်းချင်းကတော့ တစ်တိုင်းချင်းမှာရှိသလို၊ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ပေးတဲ့အခါမှာ

တစ်မှုချင်းအလိုက်ပါပါတယ်။ ဖြေရှင်းပေးတဲ့အခါမှာလည်း သက်ဆိုင်ရာမြို့နယ် မြေအသုံးချစီမံခန့်ခွဲမှုရုံးတွေမှာ သက်ဆိုင်ရာကာယကံရှင်တွေနဲ့ ထိတွေ့ပြီးတော့ ပေးတာဖြစ်တဲ့အတွက် ဒါတွေက မရစရာအကြောင်းလည်းမရှိဘူး။ လက်ထဲကို ရောက်ပြီးသားဖြစ်ပါတယ်။ ကျန်တဲ့မရသေးတာကတော့ ကျွန်တော်တို့ စိစစ်ဆဲဖြစ်ပါတယ်။ တချို့ကျတော့ မြေပေးမှာဆိုတော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေ စီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်ကတော့ စိစစ်ပြီးဖြစ်တယ်။ ဒါပေမယ့် အောက်မှာပိုင်ရှင်က သူပိုင်တယ်၊ ငါပိုင်တယ် ရှုပ်ထွေးနေတဲ့အတွက် ပေးတာမှားမှာစိုးလို့ စိစစ်နေတဲ့အပိုင်းတွေလည်း ပါပါတယ်။ တော်တော်ရှုပ်ထွေးပါတယ်။ ဒါတကယ်လုပ်ကြည့်မှ သိပါတယ်။ တော်တော်ရှုပ်ထွေးပါတယ်။ တချို့လည်း ဒီအပေါ်မှူတည်ပြီးတော့ စီးပွားရေးလုပ်စားနေတဲ့သူတွေက အများကြီးပါ။ တချို့လည်း ဒီအပေါ်မူတည်ပြီးတော့၊ အကြောင်းအမျိုးမျိုးပြပြီးတော့ ဖန်တီးနေတာလည်း အများကြီးပါ။ ဒါအကုန်သိပါတယ်။ ဒါကျွန်တော်တို့ကတော့ ဘယ်အစိုးရလက်ထက်ကတည်းက လုပ်ထားသည်ဖြစ်စေ ကျွန်တော်တို့ အစိုးရအဖွဲ့မှာ ဆောင်ရွက်ပေးမယ်လို့ စေတနာရှိတဲ့အတွက် စေတနာပါပါနဲ့ ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ကျွန်တော်လည်း ပါဝင်ပတ်သက်တာ ဘာတစ်ခုမှမရှိဘူး။ ဒါကို ကျွန်တော်တို့ အကောင်းဆုံးဖြေရှင်းပေးနေ တာဖြစ်ပါတယ်။ ဒါကတော့ အခုနက တစ်မှုချင်းစီအလိုက် တစ်မှုချင်းပေးနေတာဖြစ်ပါတယ်။ ဒါပေမယ့် အစီရင်ခံစာကို ကော်မရှင်အဖွဲ့ခွဲအလိုက်ပေးဖို့တော့ ကျွန်တော်တို့ အခက်အခဲဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော် လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးကို ဒါလေး တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးခွန်းမေးတဲ့ ကာယကံရှင်လည်း ကျေနပ်လိမ့်မယ်ထင်ပါတယ်။ ဒါကြောင့်မို့လို့ အခုနက ပြောသလိုပဲ ကာယကံရှင်များသာလျှင် သိတဲ့အတွက် ကျွန်တော်တို့အနေနဲ့ကတော့ ကြားဝင်ပြီးတော့ အရေးကြီးတာကတော့ တစ်ခါကျတော့လည်း ကြားလူဝင်ပြီးတော့ နှောက်ရင် တော့လည်း ဒီလိုပဲ ဖြစ်တတ်ပါတယ်။ ကြားလူလည်း မဆိုင်ဘဲနဲ့ ဝင်ပြီးတော့လည်း စားသွားမှာလည်း ဂရုစိုက်ဖို့တော့ လိုပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

**ညောင်ရွှေမြို့ရဲစခန်းမှ အပိုင်ယူထားသော လမ်းနယ်မြေအား မည်သည့်အချိန်တွင် ပြန်လည်ဖော်ထုတ်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ဆက်လက်ပြီးတော့ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံနိုင်ကြပါစေ။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့၊ နန္ဒဝန်ရပ်ကွက်ရှိ အလျား ၄၂၀ ပေနှင့် အနံ ၅၀ ပေရှိ လမ်းနယ်မြေသည် ၁၉၈၀ ခုနှစ် ရပ်ကွက်အသစ်ဖော်ထုတ်စဉ်တွင် လမ်းမြေအဖြစ် အမြော်အမြင်ကြီးစွာဖြင့် မြို့နယ်ကောင်စီ ဒုတိယသက်တမ်းတွင် စနစ်တကျဖော်ထုတ်ထားခြင်းဖြစ်ပြီး ၁၉၉၀ ခုနှစ် နောက်ပိုင်းတွင် ငါမွေးကန်အဖြစ်ဆောင်ရွက်ကာ ညောင်ရွှေမြို့ရဲစခန်းပိုင်အဖြစ် ဆောင်ရွက်ထားသည်ကို ပြည်သူများအား အသိပေးခြင်းမရှိဘဲ ရယူထားခြင်းဖြစ်ပါသည်။ ညောင်ရွှေမြို့သည် ဟိုတယ်လုပ်ငန်းဖြင့်ဖွံ့ဖြိုးတိုးတက်လာပြီး မြို့တွင်းမှမြို့အရှေ့ပိုင်းသို့သွားရောက်ရာလမ်းတွင် ရုံးကြီး လမ်းတစ်လမ်းသာအဓိကအားထားနေရပြီး ယာဉ်သွားလာမှုများ များပြားသည့်အတွက် တစ်နှစ်လျှင် သုံး၊ လေး ကြိမ်ခန့် ယာဉ်တိုက်မှုများဖြစ်ပွားနေပါသည်။ ညောင်ရွှေမြို့ရဲစခန်းမှ အပိုင်ယူထားသောလမ်းအား အသုံးပြုမည်ဆိုပါက အသွားအပြန်လမ်းအဖြစ်အသုံးပြုနိုင်၍ ယာဉ်တိုက်မှုနည်းပါးစေပြီး သွားလာသူများအဆင်ပြေမည်ဖြစ်ပါသည်။ ၎င်းလမ်းနယ်မြေအား ညောင်ရွှေမြို့ပေါ် ၈ ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးများနဲ့ ဒေသခံပြည်သူများက ပြန်လည်ရယူလိုကြောင်း ၁၄-၁၀-၂၀၁၄ ရက်နေ့တွင် မြို့နယ်အဆင့်တာဝန်ရှိပုဂ္ဂိုလ်များထံ တင်ပြခဲ့သော်လည်း မည်ကဲ့သို့မျှ အကြောင်းတစ်စုံတစ်ရာပြန်လည်ကြားသိရခြင်းမရှိခဲ့ပါ။ သို့ဖြစ်ပါ၍ အဆိုပါလမ်းနယ်မြေအား မည်သည့်အချိန်အခါတွင် ပြန်လည်ဖော်ထုတ်ဆက်သွယ်ပေးနိုင်ပါမည်နည်း။ မဖော်ထုတ်ပေးနိုင်ပါဘူးဆိုလျှင် မည်သို့သောအကြောင်းကြောင့်ဖြစ်သည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဖုံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် ညောင်ရွှေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေရဲ့ မေးခွန်းအပေါ် ကျွန်တော်ကပဲ ဆက်လက်ဖြေရှင်းတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ နန္ဒဝန်ရပ်ကွက် ဦးပိုင်အမှတ်(၆)၊ အကွက်အမှတ်(၃၉၂)၊ မြေဧရိယာ(၁.၅၄)ဧက ကို ၁၇-၉-၁၉၉၇ ရက်နေ့မှ ၁၆-၉-၂၀၂၇ ရက်နေ့ထိ နှစ်(၃၀)ဂရန်ရရှိထားပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ညောင်ရွှေမြို့မရဲစခန်းမှ နန္ဒဝန်ရပ်ကွက် ဦးပိုင်အမှတ် (၂ )၊ အကွက်အမှတ် (၃၉၁)ရှိ မြေဧရိယာ ၆.၃၉၇ ဧက ကို ၁၇-၁၂-၂၀၀၁ ရက်နေ့မှ ၁၆-၁၂-၂၀၃၁ ရက်နေ့အထိ နှစ်(၃၀)မြေငှားဂရန်လည်းရရှိပြီးဖြစ်ပါတယ်။ ညောင်ရွှေမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ နှစ်(၃၀)ရရှိသည့်မြေကွက်နှင့် ညောင်ရွှေမြို့မရဲစခန်းမှ နှစ်(၃၀)ရရှိထားသည့် မြေကွက်ကြားရှိ အလျား ၃၈၃ ပေ၊ အနံ ၅၀ ပေ ရှိတဲ့မြေနေရာကို ဒေသအာဏာပိုင်များမှ လုံခြုံရေးကန့်သတ်ချက်အရ တားမြစ်ထားသောမြေနေရာဖြစ်ပါတယ်။ ၂၀၀၄ ခုနှစ်တွင် အဆိုပါမြေပေါ်မှာ ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းပြီးတော့ ညောင်ရွှေမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးက လုံခြုံရေးကန့်သတ်နေရာအဖြစ်ထားရှိပြီးတော့ ကြံစိုက်ပျိုးရေးအတွက်ကို ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ ရဲတပ်ဖွဲ့ပိုင်မြေနှစ်ခုကြားမှာရှိတဲ့လမ်းမြေကို လုံခြုံရေးအရအသုံးပြုခဲ့ခြင်း၊ ကြံသီးနှံများစိုက်ပျိုးခဲ့ခြင်းရှိပေမယ့်လည်း ရဲတပ်ဖွဲ့ပိုင်မြေဧရိယာအတွင်း ပါဝင်ခြင်းလည်းမရှိတဲ့အတွက် မြို့လူထုရဲ့ လိုအပ်ချက်အရ လမ်းအဖြစ်အသုံးပြုမှုအတွက်ကို ၂၇-၄-၂၀၁၅ ရက်နေ့မှာ ညောင်ရွှေမြို့နယ်ရဲတပ်ဖွဲ့မှူးမှ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌထံ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။ အခုအခါမှာ အဆိုပါမြေကို လမ်းအဖြစ်အသုံးပြုနိုင်ရေးအတွက်ကို မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုကော်မတီရဲ့ကြီးကြပ်မှုနဲ့ ရပ်ကွက်မှာဖွဲ့စည်းပေးထားတဲ့ လမ်းတံတားဆောက်လုပ်ရေးကော်မတီဟာ ရပ်ကွက်လူထုထည့်ဝင်ငွေနဲ့လမ်းများပြုပြင်ခြင်းလုပ်ငန်းများကို အခုလက်ရှိဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းဖြေကြားခြင်း အစီအစဉ်ပြီးဆုံးပါပြီ။

**မူကြမ်း**

**ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသော အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသော အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၄၈)ရက်မြောက်နေ့ဖြစ်သော ၁၉-၅-၂၀၁၅ ရက်နေ့မှာ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်းကို ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်အချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၁-၅-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့ထိ ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် အောက်မြန်မာနိုင်ငံမြို့နှင့်ကျေးရွာမြေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။ ]

**ဒုတိယဥက္ကဋ္ဌ** ။ ။ သဘောမတူတဲ့သူမရှိတဲ့အတွက် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိအတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၅၃)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၂) ရက်မြောက်နေ့ ရပ်နားမှာဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၃) ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ မေလ ၂၇ ရက်နေ့ (ဗုဒ္ဓဟူးနေ့) နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်းကြေညာပါတယ်။

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၂)ရက်မြောက်နေ့ကို ၁၁ း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**